Funded by:

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းသားစာအုပ်



Source: VSO Image library

# သင်ရိုးပိုင်း ၁၁

# ကျောင်းသူကျောင်းသားအားလုံးကို ကွဲပြားခြားနားအောင်သင်ကြားပံ့ပိုးပေးခြင်း

Implemented by:

# သင်ရိုးပိုင်း ၁၁။ ကျောင်းသူကျောင်းသားအားလုံးကို ကွဲပြားခြားနားအောင် သင်ကြားပံ့ပိုးပေးခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ၁၁** ပိုင်းမြောက်ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူခြင်း |
| ၉ | ကျောင်းသူကျောင်းသားတို့၏ စိတ်ခံစားချက်နှင့်လူမှုရေး သုခကို ပံ့ပိုးပေးခြင်း |
| ၁၀ | အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာဥပဒေအညွှန်းဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| **၁၁** | **ကျောင်းသူကျောင်းသားအားလုံးကို ကွဲပြားခြားနားအောင် သင်ကြားပံ့ပိုးပေးခြင်း** |
| ၁၂ | သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုအခက်အခဲများကို ဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

အဆုံးစွန်သောပန်းတိုင်ဖြစ်သည့် ကျောင်းသူကျောင်းသားများ၏သင်ယူမှုကိုပိုမိုကောင်းမွန်တိုးတက်ရေးအတွက် ရည်သန်လျက် ကျောင်းသူကျောင်းသားများ မည်သည့်အရာကိုသင်ယူရန် မည်ကဲ့သို့ပံ့ပိုးသင်ကြားပေးမည်ဖြစ်ကြောင်း ဤသင်ရိုးပိုင်းတွင် စဉ်းစားစေမည်ဖြစ်သည်။ သင်ကြားရေးသည် အားလုံးအတွက် "တစ်သမတ်တည်း"ဖြစ်သောနည်းကို ကျင့်သုံးလေ့ရှိသည်။ သို့သော် ဤသင်ရိုးပိုင်းတွင် ကွဲပြားခြားနားအောင်သင်ကြားပုံကိုစူးစမ်းပြီး သင်ယူသူဗဟိုပြုချဉ်းကပ်မှုကိုလည်း ပြန်လည်လေ့လာထားပါသည်။

သင်၏ပြန်လည်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်တွင် မှတ်တမ်းတင်စေမည် ဖြစ်သောကြောင့် မှတ်စုကောင်းကောင်းရေးပြီး မိမိ၏ လက်ရှိနှင့်အနာဂတ်အလေ့အကျင့်အကြောင်း စေ့စေ့စပ်စပ်၊ နက်နက်နဲနဲ တွေးတောရန် အရေးကြီးပါသည်။ ဤ CPD သင်ရိုးပိုင်းသည် သင်နှင့်သင့်လုပ်ဖော်ကိုင်ဖက်တို့အကြား လုပ်ငန်းတူအဖွဲ့များ ဖော်ဆောင်ရန်လည်း အားပေးပါသည်။ ဤနည်းအားဖြင့် သင်ကြားရေးတွင် အားလုံးအကျုံးဝင်အလေ့အကျင့်များ ပံ့ပိုးချဲ့ထွင်အသုံးပြုနိုင်ပြီး ဆရာအတတ်သင် ကျောင်းသူကျောင်းသားများကလည်း အားလုံးအကျုံးဝင်မှုကိုသင်ကြားရေးနှင့်အနာဂတ်လုပ်ငန်းခွင်အတွက် ဆင့်ပိုးတည်ဆောက်နိုင်ပါမည်။

## သင်ယူမှုဂျာနယ်

သင်ရိုးပိုင်းတစ်လျှောက် မိမိ၏ ပြန်လည်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်အတွင်း ရေးမှတ်ထားလျှင် အသုံးဝင်နိုင်ပါသည်။

သင်ယူမှုဂျာနယ်သည် ဒစ်ဂျစ်တယ် (ဥပမာ Word သို့ Google Docs)သော်လည်းကောင်း၊ စာရွက်အပေါ်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မိမိအတွေးများကိုသူတစ်ပါးနှင့်ဝေမျှလိုလျှင် ဂျာနယ်စာမျက်နှာများကိုဓာတ်ပုံရိုက်နိုင်ပါသေးသည်။ စိတ်ကူးများ၊ အတွေးအမြင်များကို နောင်လုပ်ဆောင်ချက်များနှင့် မိမိ၏သင်ကြားရေးတွင် သုံးနိုင်သောကြောင့် မှတ်တမ်းတင်ထားရန် အရေးကြီးပါသည်။



Source: Rose, N. (2018) Personal Learning Journals

အောက်ပါတို့သည် သင်ယူမှုဂျာနယ်ကောင်းတစ်ခုအတွက်အသုံးဝင်မည့် အကြံပြုချက်အချို့ဖြစ်ပါသည်။

- ဂျာနယ်တွင်းရေးသွင်းသမျှ ခေါင်းစဉ်နှင့် ရက်စွဲထည့်ပါ။
- လုပ်ဆောင်ချက်နှင့် ဆက်စပ်သည့် ဆင်ခြင်သုံးသပ်မှုများအတွက် သက်ဆိုင်ရာလုပ်ဆောင်ချက်နံပါတ်ကို သုံးပါ။ ဥပမာ လုပ်ဆောင်ချက် ၁.၁။
- အထောက်အကူဖြစ်သည့် အခြားမည်သည့် အရင်းအမြစ်ကိုမဆို ရည်ညွှန်းပါ။
- လုပ်ဆောင်ချက်အဖြေကို မှတ်သားပါ။
- မိမိ၏သင်ယူမှုအကြောင်း သုံးသပ်ချက်ရေးပါ။
- ဝေါဟာရအသစ်များကို ရေးမှတ်ပါ။
- ဆက်လက်လေ့လာလိုသော အကြောင်းအရာများကို ဖော်ထုတ်ပါ။

မိမိသုံးဖို့လွယ်ကူရန်အရေးကြီးပါသည်။ အောက်ပါလွယ်လွယ်ရှင်းရှင်းမေးခွန်းများ ဖြေကြားသည့် မှတ်စုများရေးနိုင်သည်။

ဒီနေ့ဘာလေ့လာခဲ့သလဲ။

မိမိအလုပ်မှာ ဘယ်လိုသုံးနိုင်မလဲ။

လွယ်ကူသလား။ ခက်ခဲသလား။ ဘာကြောင့်လဲ။

မိမိ/မိမိကျောင်းသူ/သားများကို ဘယ်လိုကူညီနိုင်မလဲ။

ဒီခေါင်းစဉ်အကြောင်း ဘာလေ့လာဖို့ လိုသေးသလဲ။

ဤမေးခွန်းများသည် တစ်ကမ္ဘာလုံးတွင် အသုံးပြုသည့် သင်ယူ/အသုံးချ/သုံးသပ် (learn, apply, reflect) စံပြုပုံစံကို ကျင့်သုံးကြောင်း တွေ့နိုင်ပါသည်။ CPD ခရီးနှင်ရင်း ဂျာနယ်ကိုပြန်ကြည့်ပြီး တိုးတက်မှုကို ပြန်လည်သုံးသပ်နိုင်ပါသည်။

## လေ့လာနည်းအကြံပြုချက်

ယူနစ်တစ်ခုလုံး တစ်ကြိမ်တည်းအကုန်ပြီးအောင် လုပ်မည့်အစား လုပ်ဆောင်ချက်များကို အချိန်ယူလုပ်ပါ။ အချိန်ဇယား တစ်ခုဆွဲပြီး အချိန်တစ်ခုရွေးချယ်ကာ လုပ်ဆောင်ဖွယ်များလုပ်ပါ။ ထို့နောက် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ပြီး စစ်ဆေးပါ။ နောက်ဆုံး လုပ်ရင်းကိုင်ရင်း သင်ယူမှုဂျာနယ်တွင် မှတ်စုကို မှတ်မှတ်ရရရေးပါ။ ယူနစ်များပြီးအောင်လုပ်ရင်း မိမိတွင် ဖွံ့ဖြိုးလာသည့် ကျွမ်းကျင်မှုနှင့်အသိပညာများကို ပိုမိုမှတ်မိရန် အထောက်အကူပြုပါလိမ့်မည်။

## တစ်ဦးချင်း (သို့) လုပ်ငန်းဖော်များနှင့်လုပ်ကိုင်ခြင်း

ဤယူနစ်ကို ကိုယ်တိုင်လေ့လာနိုင်ရန် (သို့) ဆရာမှဦးဆောင်ရန်  ပုံစံချမှတ်ထားပါသည်။ အဖြေကို လုပ်ဆောင်ချက် အဆုံးတွင် တွေ့နိုင်ပါသည်။ သို့ရာတွင် အတွေးအမြင်နှီးနှောရန်၊ မေးခွန်းမေးရန်၊ မိမိလုပ်ထားသည်ကိုစစ်ဆေးရန်နှင့် သုံးသပ်ချက်ပေးရန် ဖြစ်နိုင်လျှင် **နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုဖွဲ့**လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။

အုပ်စုဖွဲ့လုပ်ဆောင်လျှင် '**Think, pair, share**'နည်းကို သုံးရန်အကြံပြုအပ်ပါသည်။




တစ်ဦးချင်း မိမိအတွေးအမြင်များကို မှတ်စုတိုရေးပါ။

အတန်းဖော်တစ်ဦးနှင့် အဖြေတိုက်ပါ။

မိမိအတွေးအမြင်များကို အုပ်စုဖွဲ့ ဆွေးနွေးကာ နောက်စာမျက်နှာတွင် အဖြေအတူတူတိုက်ကြရန်။

## သင်ရိုးပိုင်း ၁၁ သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**

**၁. အားလုံးအကျုံးဝင်စေရေးကို ပံ့ပိုးပေးနိုင်မည့် ကွဲပြားခြားနားအောင်သင်ကြားမှုကို နားလည်ခြင်း**

**၂. ကွဲပြားခြားနားသော သင်ကြားမှုကိုပံ့ပိုးပေးမည့် ရုပ်ပုံဖြင့်စုစည်းမှု၊ အရေးအသားဘောင်နှင့် အာရုံအမျိုးမျိုးဖြင့် လုပ်ဆောင်ချက်များ အစရှိသည့်ဗျူဟာများ အသုံးပြုပုံကို နားလည်ခြင်း**

**၃. ကွဲပြားခြားနားအောင် သင်ကြားမှုအတွက် သင်ခန်းစာအစီအစဉ်ကို ကျောင်းသူကျောင်းသားများနှင့် လိုက်လျောညီထွေပြုပြင်ခြင်း**

**၄. သင်တန်းသူ/သားအချင်းချင်း အာရုံအမျိုးမျိုးဖြင့်လုပ်ဆောင်ချက်တစ်ခုကို အုပ်စုငယ်ဖွဲ့စီစဉ်သင်ကြားခြင်း**

**၅. ကွဲပြားခြားနားစေမည့် သင်ယူမှုရလဒ်များပါရှိသည့်သင်ခန်းစာအစီအစဉ်ကိုရေးသားခြင်း**

# ၁. နိဒါန်း

ကျောင်းသူကျောင်းသားများ၏လိုအပ်ချက်များကို ဖြည့်ဆည်းရေးအတွက် သင်ယူမှုကို လိုက်လျောညီထွေ ပြုပြင်နိုင်ရန် ဆရာ/မများစာသင်ခန်းတွင်းသုံးနိုင်ပြီး ပံ့ပိုးမှုပေးသော၊ အားလုံးအကျုံးဝင်သော အလေ့အကျင့်အထွေထွေကို ဤသင်ရိုးပိုင်းတွင် ကြည့်ကြပါမည်။ ကွဲပြားခြားနားအောင်သင်ကြားမှုဟူသည့် ဝေါဟာရကိုလည်းကောင်း၊ အတွေးအခေါ်နှင့်ဆွေးနွေးမှုတို့ကို ပံ့ပိုးမည့် ရုပ်ပုံဖြင့်စုစည်းမှု၊ အရေးအသားကို ပံ့ပိုးပေးမည့် (ကျောင်းသူကျောင်းသားအမျိုးမျိုးအတွက် အဆင့်အမျိုးမျိုးဖြင့် ဆင့်ပိုးတည်ဆောက်သည့်)အရေးအသားဘောင်စသည့် ဗျူဟာများနှင့်နှင့် အခြားကွဲပြားခြားနားအောင် သင်ကြားနည်းမျိုးစုံကို လည်းကောင်း စူးစမ်းသွားပါမည်။

အောက်ပါတို့ကိုလုပ်ဆောင်စေပါမည်။

- ✓ ကွဲပြားခြားနားသင်ကြားမှုအကြောင်းဖတ်ရှုကာ ကျောင်းသူကျောင်းသား**အားလုံး** ပါဝင်လုပ်ဆောင် အောင်မြင်စေရန် အကြောင်းအရာ၊ သင်နည်း၊ လုပ်ဆောင်ဖွယ်နှင့် သင်ယူမှုဝန်းကျင်တို့ကို လိုက်လျောညီထွေပြုပြင်မှုကို စဉ်းစားခြင်း
- ✓ ဗီဒီယိုကြည့်ပြီး ခွဲခြမ်းစိတ်ဖြာသုံးသပ်ပေးခြင်း
- ✓ လုပ်ဆောင်ချက်များကို တစ်ဦးချင်း၊ နှစ်ယောက်တွဲနှင့် အုပ်စုငယ်ဖွဲ့ လုပ်ဆောင်ခြင်း
- ✓ အဓိကမေးခွန်းများကို စဉ်းစားခြင်း
- ✓ မိမိအတွေ့အကြုံနှင့်အသိပညာကို ပြန်လည်သုံးသပ်ခြင်း
- ✓ တပည့်များအား ကတိပေးခြင်း

ဤသင်ရိုးပိုင်း**ပြီးအောင်လုပ်ရန် ၈ နာရီခန့်** ကြာမြင့်ပါမည်။ ပျော်ရွှင်ဖွယ်သင်ယူမှုအတွေ့အကြုံဖြစ်စေရန် မျှော်လင့်ပါသည်။

## သင်္ကေတအညွှန်း

| | |
|---|---|
| A | **လုပ်ဆောင်ချက် (Activity) – ပြီးအောင်လုပ်ရမည့်အလုပ်ဖြစ်သည်** |
| Q | **မေးခွန်း (Question/s)** – မေးခွန်းများဖြေဆိုပါ |
| R | **ပြန်လည်သုံးသပ်ချက် (Reflection)** – မိမိ မည်သို့ခံစားရကြောင်း စေ့စေ့စပ်စပ်တွေးပါ |
| LJ | **သင်ယူမှုဂျာနယ် (Learning Journal) –** သင့်အဖြေကို သင်ယူမှုဂျာနယ်တွင်ရေးပါ |
|  | **ဖတ်ပါ (Read) –** ပေးထားသည့်စာကိုဖတ်ပါ။ မှတ်စုရေးလိုကရေးပါ။ |

## လုပ်ဆောင်ချက် ၁၁.၁- မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်သုံးသပ်ချက် - **မိမိသင်ကြားသည့်ကျောင်းသူကျောင်းသားအားလုံး၏လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် သင်ယူမှု**ကို မည်မျှ**လိုက်လျောညီထွေဖြစ်အောင်လုပ်ဆောင်**နိုင်ပါသနည်း။ အောက်ပါစကေးမှ မိမိကို အကောင်းဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှု ဂျာနယ်တွင်ဖြေဆိုပါ။

| သိပ်မလုပ်နိုင်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | ကောင်းကောင်းလုပ်နိုင်ပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

သင်ရိုးပိုင်းအဆုံးတွင် ထပ်မံလုပ်ဆောင်ရပါမည်။

### ၁.၁.၁ ယခင်သင်ယူမှုနှင့် ချိတ်ဆက်ခြင်း - သင်ရိုးပိုင်း ၁၀ (အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာ ဥပဒေအညွှန်းဘောင်နှင့် မူဝါဒများ)

သင်ရိုးပိုင်း ၁၀ ကို ပြန်တွေးပါ။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်အကြောင်း အောက်ပါအဆိုများကို ကွက်လပ်ဖြည့်ပါ။ ဥပမာတစ်ခုပေးထားပါသည်။

ဖြည့်ရန်စကားလုံးများ

- တန်းတူ
- ကျား/မကွဲပြားမှု
- ~~အားလုံးအကျုံးဝင်သော~~
- အိမ်မှုကိစ္စ
- ကျောင်းသူကျောင်းသားလုပ်သားခိုင်းစေခြင်း
- တစ်သက်တာသင်ယူမှု
- မသန်စွမ်းသူများ

၁. စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင် ၄၊ မျှော်မှန်း ရည်မှန်းချက် ၄.၅ မှ "အားလုံးအကျုံးဝင်သော၊ သာတူညီမျှရှိသော အရည်အသွေးပြည့်ဝသော ပညာရေးနှင့် တစ်သက်တာသင်ယူမှုအခွင့်အလမ်းများကို အားလုံးရရှိစေရန်" ရည်သန်ပါသည်။

၂. ၂၀၃၀ ခုနှစ်ရည်ရွယ်ချက်မှာ ပညာရေးတွင်------------------- အခြေပြုသည့် ကွာဟချက်များ အဆုံးသတ်ပြီး မသန်စွမ်းသူများ၊ ဌာနေတိုင်းရင်းသားများ၊ ထိခိုက်လွယ်သောကျောင်းသူကျောင်းသားများအပါအဝင် ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာအဆင့် အားလုံးတွင် တန်းတူညီမျှ သင်ကြားနိုင်ရန်ဖြစ်ပါသည်။

၃. ကျား/မ၊ အသက်အရွယ်၊ လူမျိုး၊ အသားအရောင်၊ တိုင်းရင်းသားလူမျိုး ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးနှင့်အခြား အယူအဆများ၊ လူမျိုးနှင့်လူမှုရေးဇာစ်မြစ်၊ ပိုင်ဆိုင်မှု၊ မျိုးရိုးသာမက မသန်စွမ်းသူများ၊ ပြောင်းရွှေ့သူများ၊ ဌာနေတိုင်းရင်းသားများ၊ ကျောင်းသူကျောင်းသားနှင့်လူငယ်များ၊ အထူးသဖြင့် ထိခိုက်လွယ်သူများ၊ မည်သူမဆို အားလုံးအကျုံးဝင်သော၊ သာတူညီမျှမှု ရှိသော၊ အရည်အသွေး ပြည့်ဝသော ပညာရေးနှင့် -------------------အခွင့်အလမ်းများ ရရှိသင့်သည်။

၄. အထူးအာရုံစိုက်ပြီး ဦးတည်စူးစိုက်သည့် ဗျူဟာများဖြင့်ပံ့ပိုးပေးရမည့် ထိခိုက်လွယ်သူအုပ်စုများတွင် ------------------ များ၊ ဌာနေတိုင်းရင်းသားများ၊ လူနည်းစုတိုင်းရင်းသားများနှင့်ဆင်းရဲနွမ်းပါးသူများ ပါဝင်ပါသည်။

၅. မိန်းကလေး၊ ယောကျာ်းလေး၊ အမျိုးသမီး၊ အမျိုးသားအားလုံး အရည်အသွေးပြည့်ဝသောပညာရေးကို ရရှိရန်၊ တန်းတူရည်တူ ပေါက်မြောက်အောင်မြင်ရန်နှင့် ပညာရေး၏ အကျိုးကျေးဇူးများကို ညီတူညီမျှခံစားရန် ------------------ အခွင့်အလမ်း ရှိရပါမည်။

၆. ကျား/မကွဲပြားမှုအခြေပြု အကြမ်းဖက်မှုများ၊ ကလေးအရွယ်လက်ထပ်မှုများ၊ သက်ငယ်ကိုယ်ဝန်ဆောင်မှုများ၊ ------------------- မနိုင်မနင်းလုပ်ရသော၊ ဆင်းရဲနွမ်းပါးသော၊ ဝေးလံခေါင်းပါးသည့်နေရပ်မှ ဆယ်ကျော်သက်ရွယ်မိန်းကလေးများနှင့် မိန်းမပျိုများကို အထူးအာရုံစိုက်ရန်လိုအပ်ပါသည်။

၇. ယောကျာ်းလေးများ အခွင့်မသာသည့်အခြေအနေတွင်ရှိခဲ့လျှင် ၎င်းတို့အတွက်လည်း အထူးဦးစားပေးလုပ်ဆောင်သင့်ပါသည်။ ကျန်းမာရေး၊ တရားမျှတမှု၊ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ------------------ မှကင်းလွတ်မှုပေးသည့် အလုံးစုံ ဆောင်ရွက်မှု အစီအစဉ်တစ်ရပ်ရှိပါမှ ကျား/မ တန်းတူညီမျှမှုမရှိခြင်းကို ကျော်လွှားလွန်မြောက်စေမည့် မူဝါဒများ ပိုမိုထိရောက်နိုင်ပါမည်။

### ၁.၁.၂ အဖြေ

| | | | |
|---|---|---|---|
| ၁. အားလုံးအကျုံးဝင်သော | ၂. ကျား/မကွဲပြားမှု | ၃. တစ်သက်တာသင်ယူမှု | ၄. မသန်စွမ်းသူများ |
| ၅. တန်းတူ | ၆. အိမ်မှုကိစ္စ | ၇. ကလေးလုပ်သားခိုင်းစေခြင်း | |

## ၂. ကွဲပြားခြားနားအောင်သင်ကြားမှုနှင့် အားလုံးအကျုံးဝင်မှု ဆက်စပ်ပုံ

သင်ယူမှုတွင်အားလုံးအကျုံးဝင်စေခြင်းသည် သင်ယူမှုအတွက်အခက်ကြုံစေသည့် အတားအဆီးများကို **ဖော်ထုတ်ဖယ်ရှား**ခြင်း ဖြစ်ပါသည်။ အောက်ပါတို့ကြောင့် အတားအဆီးများ ဖြစ်နိုင်ပါသည်။

- သင်ယူမှု (သို့) လုပ်ဆောင်စရာများကို စီစဉ်ထားပုံ
- သင်ကြား/ပို့ချပုံ
- လုပ်ဆောင်စရာပါ အကြောင်းအရာ
- ကျောင်းသူကျောင်းသားများသင်ယူတတ်မြောက်မှုအတိုင်းအတာအပေါ် မိမိတို့ရှုမြင်ပုံနှင့် မိမိတို့၏မျှော်မှန်းချက်များ
- ကျောင်းသူကျောင်းသားများ၏ သုခ (သင်ရိုးပိုင်း ၉ ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့်လူမှုရေးသုခကို ပံ့ပိုးမှုပေးခြင်း)

ဤအတားအဆီးများသည် ကျောင်းသူကျောင်းသားများသင်ယူမှုအတွက် မည်မျှခက်ခဲစေကြောင်း ဆရာ/မတို့ ဖော်ထုတ်နားလည်ထားရန်လည်း အရေးကြီးပါသည်။ ယခင်သင်ရိုးပိုင်းများတွင် **ကျောင်းသူကျောင်းသားအားလုံး တက်ရောက်မှု၊ ပါဝင်လုပ်ဆောင်မှုနှင့် အောင်မြင်မှုတို့** အရေးပါပုံကိုလေ့လာခဲ့ပြီ။

ပညာရေးတွင် **ကွဲပြားခဲ့ခြားအောင်သင်ပေးခြင်း** (သို့) **ကွဲပြားခြားနားအောင်သင်ယူခြင်း** (သို့) **ကွဲပြားခြားနားစေခြင်း**သည် ကျောင်းသူကျောင်းသားအားလုံး အချက်အလက်သစ်များကို သင်ယူနားလည်စေရန် နည်းမျိုးစုံသုံးသော ထိရောက်သည့် သင်ကြားမှုအတွက် ဗျူဟာတစ်ရပ် ဖြစ်ပါသည်။ ဆရာ/မက မေးခွန်းမေးပုံလည်းဖြစ်နိုင်ပါသည်။ သင်ရိုးပိုင်း ၆ တွင် ဘလွမ်း၏ ဇယားကိုသုံးလျက် ချပြခဲ့ပြီးဖြစ်ကာ ကျောင်းသူကျောင်းသားများအကြောင်း ဆရာ/မသိထားသည့်အပေါ် မူတည်လျက်

ကျောင်းသူကျောင်းသားတစ်ယောက်ကို ဘာသာရပ်အကြောင်း အချက်အလက်မေးခြင်း၊ နောက်တစ်ယောက်ကို ပိုမိုတွေးခေါ် ရမည့် မေးခွန်းမေးခြင်း စသည်ဖြင့် လုပ်ဆောင်နိုင်ပါသည်။

ဤသင်ရိုးပိုင်းတွင် ကွဲပြားခြားနားစေခြင်း (**differentiation**)ဟုသုံးနှုန်းပါမည်။

### လုပ်ဆောင်ချက် ၁၁.၂ - ကွဲပြားခြားနားမှုကိုဖွင့်ဆိုချက် (၁၅-မိနစ်)

ကွဲပြားခြားနားမှု(**differentiation**)အတွက် ဖွင့်ဆိုချက်နှင့်အလားတူအဓိပ္ပါယ်များကိုဖတ်ပါ။

| | |
|---|---|
| **ကွဲပြားခြားနားမှု** | **ဖွင့်ဆိုချက်** – တစ်ဦးချင်းလိုအပ်ချက်ဖြည့်ဆည်းရန် သင့်တော်ဆီလျော်စွာ သင်ကြားခြင်း။ ကျောင်းသူကျောင်းသားများအားလုံး သင်ယူနိုင်ရန် ဆရာ/မက အကြောင်းအရာ၊ လုပ်ငန်းစဉ်၊ လုပ်ဆောင်ဖွယ်၊ သင်ယူမှုဝန်းကျင်တို့ကို ကွဲပြားခြားနားစေပါမည်။ |
| | **အလားတူအဓိပ္ပါယ်** - သင့်လျော်ရန်စီစဉ်ခြင်း၊ ပြုပြင်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ချိန်ညှိခြင်း၊ ပုံသဏ္ဌာန်ပြောင်းခြင်း၊ အံဝင်ခွင်ကျ စီမံခြင်း၊ ကိုက်ညီစေခြင်း။ |

အထက်ပါဖွင့်ဆိုချက်နှင့် အလားတူအဓိပ္ပါယ်များကိုသုံးလျက် ‘differentiation’အတွက်ကိုယ်ပိုင်ဖွင့်ဆိုချက်တစ်ခုရေးပါ။ စိတ်ကူးများကို သင်ယူမှုဂျာနယ်တွင် ရေးသားပါ။ ဖြစ်နိုင်လျှင် လုပ်ငန်းဖော်တစ်ဦးနှင့် ဆွေးနွေးပါ။

**ကွဲပြားခြားနားမှု**ဟူသည်မှာ…

### ၁၁.၂ ဆွေးနွေးချက်

သင်ရိုးပိုင်း ၂ – **သင်ယူသူများကိုသိရှိခြင်း** နှင့် သင်ရိုးပိုင်း ၃- **အားလုံးအတွက်သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း** အကြောင်း ပြန်တွေးပါ။
ဤသင်ရိုးပိုင်းမှ အဓိကအချက်မှာ မိမိကျောင်းသူကျောင်းသားများအကြောင်း ကောင်းကောင်းသိခြင်းဖြင့် တစ်ဦးချင်းလိုအပ်ချက်များနှင့်အညီ သင့်လျော်အောင် ပြုပြင်ပြောင်းလဲနိုင်မည်ဖြစ်ကြောင်းပင်ဖြစ်ပါသည်။

ကျောင်းသူကျောင်းသားများသိရှိထားသည်များ စူးစမ်းရန် စစ်ဆေးအကဲဖြတ်ပုံ၊ ကျောင်းသူကျောင်းသားများ ၎င်းတို့၏သင်ယူမှုကို နည်းအဖုံဖုံဖြင့် ပြသနိုင်ရန် အခွင့်အလမ်းများကို စဉ်းစားခြင်း၊ ဖြစ်နိုင်လျှင် အခြားသူများနှင့်ဆွေးနွေးခြင်းများပြုကြပါမည်။ ဥပမာ စာတစ်ပုဒ်ကို ကျောင်းသူကျောင်းသားများမည်မျှနားလည်မလည် သိလိုလျှင် ရေးသားစေသည့်အခါ ကျောင်းသူကျောင်းသားများ အားလုံး ထိုနည်းဖြင့် နားလည်မှုကို ပြသနိုင်ပါမည်လား။ ဆရာ/မက ကျောင်းသူကျောင်းသားများနားလည်သည့် အတိုင်းအတာကို စစ်ဆေးနိုင်ရန် ဆွေးနွေးခွင့် သို့မဟုတ် အခြားတစ်နည်းဖြင့် နားလည်မှုကို ပြသခွင့်ပြုနိုင်ပါမည်လား။

ကျောင်းသူကျောင်းသားများအားလုံးနားလည်စေရန် သင့်လျော်အောင် ပြုပြင်ပြောင်းလဲရန်မှာ ကြီးမားသောစိန်ခေါ်မှုဖြစ်ပါသည်။ အထူးသဖြင့် ကျောင်းသူကျောင်းသားအမြောက်အများရှိသည့်အတန်းကို သင်သည့်အခါဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ငယ်နှင့် ရွာများတွင် လူနည်းသော်လည်း အတန်းစုံရှိသည့် ကျောင်းများစွာမှ ကျောင်းသူကျောင်းသားများကို သင်ကြားသည့် ဆရာ/မများ အတွက်လည်း စိန်ခေါ်မှု ရှိနိုင်ပါသည်။ ကျောင်းသူကျောင်းသားများသည် မိမိတို့နားလည်မှုပြနိုင်မည့်နည်းကို ရွေးချယ်နိုင်ပါသလား။ ကျောင်းသူကျောင်းသားများ ထိုသို့လုပ်ဆောင်နိုင်ရန် ဆရာ/မအနေဖြင့် မည်သို့လုပ်ပေးရန်လိုပါသနည်း။ ကျောင်းသူကျောင်းသား များ၏ ရွေးချယ်မှုကိုဘောင်သတ်မှတ်ပေးပြီး သင့်အနေဖြင့် ၎င်းတို့တိုးတက်မှုအတွက် တာဝန်သိသိလုပ်ဆောင်ရန် သင် မည်သို့ ဆောင်ရွက်နိုင်ပါမည်နည်း။

## ၃. ကွဲပြားခြားနားအောင်သင်ကြားနည်း လေးမျိုး

အောက်ပါ အဓိကနယ်ပယ်လေးရပ်တွင် ကွဲပြားခြားနားအောင်သင်ကြားနိုင်ပါသည်။

**ကွဲပြားခြားနားမှု**

**အကြောင်းအရာ**
ဘယ်သူ့အတွက်လဲ။
အကြောင်းအရာကို ကျောင်းသူကျောင်းသားများ စိတ်ဝင်စားမှု၊ အသက်အရွယ်၊ သင်ယူရန်အဆင်သင့်ဖြစ်မှု၊ အခက်အခဲ၊ ဘာသာစကားကျွမ်းကျင်မှု စသည်တို့နှင့် သင့်လျော်ရန် စီစဉ်ခြင်း

**လုပ်ငန်းစဉ်**
ဘယ်လိုလုပ်မလဲ။
ကျောင်းသူကျောင်းသားများ နှစ်ယောက်တွဲ၊ အုပ်စုဖွဲ့၊ အချင်းချင်း(သို့)လူကြီးတစ်ယောက်၏ ပံ့ပိုးမှုဖြင့် ဆရာလွတ်လုပ်ဆောင်ခြင်း စသည်ဖြင့်

**ရလဒ်**
ဘယ်လိုပုံစံရှိမလဲ။
အရေး၊ အဖတ်၊ တင်ပြမှု၊ ပုံစံသုံးခြင်း၊ လုပ်ငန်း၊ ပုံဆွဲခြင်း၊ ဆွေးနွေးချက်၊ ဗီဒီယို၊ ပုံဇယား၊ ပိုစတာ စသည်ဖြင့်

**ဝန်းကျင်**
ကျောင်းသူကျောင်းသားများ ဘယ်လို ခံစားရမှာလဲ။
လုံခြုံသည့်ဝန်းကျင်၊ လွတ်လပ်စွာမှားယွင်းခွင့်၊ ၎င်းတို့အား လက်ခံမှု၊ အပြုသဘောဆောင် တုံ့ပြန်ဖြေကြားမှု

**အကြောင်းအရာ**ကွဲပြားခြားနားအောင်သင်ကြားလျှင် ဆရာ/မတို့က သင်ခန်းစာ ရည်ရွယ်ချက်ကိုကြည့်ပြီး ထိုရည်ရွယ်ချက် ပြည့်မီအောင် ကျောင်းသူကျောင်းသားများ သင်ယူသည့်အကြောင်းအရာအတွက် **ပြုလွယ်ပြောင်းခွယ်ရွေးချယ်ခွင့်**ပေးသည်။

**လုပ်ငန်းစဉ်** ကွဲပြားခြားနားစေခြင်းဖြင့် ဆရာ/မမှ ကျောင်းသူကျောင်းသားများ **သင်ယူပုံ**ကို ကွဲပြားစေသည်။

**ရလဒ်**ကွဲပြားမှုမှာ ကျောင်းသူကျောင်းသားများ၏လုပ်ဆောင်ချက်အမျိုးအစားနှင့် သက်ဆိုင်ပါသည်။ အသိသညာတစ်ခုအတွက် ဆရာ/မက ကျောင်းသူကျောင်းသားများ ရှင်းပြခြင်း၊ ပုံဆွဲခြင်း၊ သရုပ်ဆောင်ခြင်း၊ ရေးသားခြင်းတို့ လုပ်ဆောင်စေပါမည်။

စာသင်ခန်း**ဝန်းကျင်**က သင်ယူမှုအပေါ်သက်ရောက်မှုရှိသောကြောင့် ၎င်းကို စီစဉ်ခြင်းသည် ကွဲပြားခြားနားစေနိုင်မည့် ပုံစံ တစ်မျိုး ဖြစ်ပါသည်။

နောက်တစ်ပိုင်းတွင် အသေးစိတ်ဆက်လက်လေ့လာပါမည်။

### လုပ်ဆောင်ချက် ၁၁.၃ - ဖတ်ကြားမှုအကြို လုပ်ဆောင်ချက် (၁၅မိနစ်)

နောက်ဆက်တွဲ ၁ မှ **ကွဲပြားခြားနားမှု**အကြောင်းဆောင်းပါးကို**ဖတ်**ပါ။ သင်ယူမှုဂျာနယ်တွင် အဓိကစကားလုံးနှင့်အတွေး အမြင်များကို ရေးပါ။

ဖြစ်နိုင်လျှင် လုပ်ငန်းဖော်တစ်ဦးနှင့် ဆောင်းပါးကိုဆွေးနွေးပါ။

## ၃.၁ တစ်တန်းလုံးသင်ကြားမှုနှင့် ကွဲပြားခြားနားမှု

တစ်တန်းလုံးသင်ကြားရေးမှာ အစဉ်အလာသင်ကြားနည်းဖြစ်သည်။ အသိသညာသစ်ကို မိတ်ဆက်လျှင်လည်းကောင်း၊ လုပ်ဆောင်ချက်တစ်ခုကို ကျောင်းသူကျောင်းသားများ အုပ်စုဖွဲ့ပြီး ဆရာလွှတ်မလုပ်မီ ဆရာ/မကနမူနာလုပ်ပြလျှင်သော် လည်းကောင်း အလွန်ထိရောက်သည့်ပုံစံဖြစ်ပါသည်။

ကျောင်းသူကျောင်းသားများကို အလုပ်မခိုင်းမီ ၎င်းတို့သိထားသည့်အရာနှင့် သိရန်လိုသေးသည့်အရာများကို စစ်ဆေး အကဲဖြတ်ရန် လိုအပ်ပါမည်။ ခက်ခဲသည်မှာ ကျောင်းသူကျောင်းသားများ သင်ယူနိုင်မည့်နည်းလမ်းကို ရှာဖွေပေးရန်ဖြစ်သည်။ ကျောင်းသူကျောင်းသား တစ်စုနှင့်တစ်စုအတွက် နည်းလမ်းသည် ခြားနားနိုင်ပါသည်။ ဥပမာ-

- ယခင်သင်ယူထားသည်များပြန်နွှေးရန်လိုအပ်သူများ
- သင်ယူရန်အဆင်သင့်ဖြစ်သူများ
- တတ်မြောက်သွားပြီး အသစ်သင်ယူရန်အဆင်သင့်ဖြစ်သူများ

အောက်ပါအနေအထားကို စိတ်ကူးကြည့်ပါ။ ဒေါ်အေးမြတ်သူက ကျောင်းသူကျောင်းသားများကို အင်္ဂလိပ်စာသင်နေပါသည်။ ကျောင်းသူကျောင်းသားများကို မေးခွန်းမေးပြီး ကျောင်းသူကျောင်းသားများက သံပြိုင်ဖြေကြပါသည် (သင်ရိုးပိုင်း ၆ တွင် ကြည့်ခဲ့ပြီ)။ ဆရာမက ကျောင်းသူကျောင်းသားများနားလည်မလည်သိရန် တစ်ဦးချင်းကိုမေးသည့်အခါ အလားတူအဖြေကိုပင် ပြန်ပြောစေပါသည်။






ဒေါ်အေးမြတ်သူမှ ကျောင်းသူကျောင်းသားတစ်ဦးချင်းကိုမေးခွန်းမေးစဉ် အခြားကျောင်းသူကျောင်းသားများထိုင်ပြီး နားထောင်ကြပါသည်။ အချို့ကျောင်းသူကျောင်းသားများအတွက် စကားစုကိုထပ်ကြားရခြင်းကြောင့် အကျိုးရှိနိုင်သော်လည်း အခြားကျောင်းသူကျောင်းသားများ ထိုင်ကြည့်နေစဉ် ကျောင်းသူကျောင်းသားတစ်ယောက်တည်း၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးသည့် သာဓကတစ်ရပ်လည်းဖြစ်နိုင်ပါသည်။ ဤသို့သင်ကြားခြင်းသည် ကျောင်းသူကျောင်းသားများသည့်အတန်းတွင်း အချိန်မည်မျှကုန်နိုင်ကြောင်း၊ ဘာသာစကားပိုမိုတတ်ကျွမ်းသည့် ကျောင်းသူကျောင်းသားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း ရှိမရှိ စဉ်းစားပါ။

## ၃.၂ အကြောင်းအရာအလိုက် ကွဲပြားခြားနားမှု

အကြောင်းအရာ ကွဲပြားခြားနားအောင် ဆရာ/မတို့က သင်ခန်းစာ ရည်ရွယ်ချက်ကိုထောက်ရှုပြီး ရည်ရွယ်ချက်ပြည့်မီနိုင်ရန် အကြောင်းအရာကို နည်းအမျိုးမျိုးဖြင့် အလိုက်သင့်ပြုပြင်ပေးရပါမည်။

ကျောင်းသူကျောင်းသားများသိပြီးသားအရာ၊ အသက်အရွယ်၊ တစ်ဦးချင်းအခက်အခဲ၊ ဘာသာစကားကျွမ်းကျင်မှုတို့အပေါ် မူတည်လျက် အကြောင်းအရာကို ခွဲခြားပေးရပါမည်။

အောက်ပါဥပမာတွင် ကျောင်းသူကျောင်းသားများသိထားသည့်အပေါ်မူတည်လျက် ဒေါ်အေးမြတ်သူက သင်ခန်းစာကို ကွဲပြားခြားနားအောင် သင်ပါသည်။ အတန်းတွင်းမှကျောင်းသူကျောင်းသားများမှာ

- သင်ခန်းစာတွင်းရှိ အသိသညာများနှင့်လုံးဝမရင်းနှီးသူများ (အုပ်စု ၁)
- အသိသညာများနှင့်ရင်းနှီးပြီး အနည်းငယ်နားလည်သူများ (အုပ်စု ၂)
- အသိသညာများကို နက်နက်နဲနဲနားလည်သူများ (အုပ်စု ၃)




စကားစုသစ်နှင့် တုံ့ပြန်ပုံအား ကျောင်းသားအားလုံးတတ်မြောက်အောင် ဆရာမ သင်ကြားပေးပါသည်။ နမူနာလုပ်ပြပြီး ကျောင်းသားအားလုံးလိုက်ဆိုကြပါသည်။ အတန်းအပြီး ကျောင်းသားများအချင်းချင်း အင်္ဂလိပ်လို နှုတ်ခွန်းဆက်တတ်စေရန် မျှော်လင့်ထားပါသည်။



| | | |
|---|---|---|
| အုပ်စု ၁- **ဆရာမနှင့်လုပ်ရန်** -ယခင်သင်ခန်းစာမှ နှုတ်ခွန်းဆက်ခြင်းကို ပြန်နွှေးပြီး  စကားစုများကို လိုက်ဆိုပါမည်။ သဏ္ဍာန်တူ လုပ်ဆောင်ပြီး နေရာတကျ နှုတ်ခွန်းဆက်ကြမည်။ ဆရာမက မေးပြီး ကျောင်းသူကျောင်းသားများက ဖြေဆိုကြပါသည်။ | အုပ်စု ၂ - **အုပ်စုလိုက် အမေးအဖြေ** လုပ်ကြပါမည်။ ယခင်သင်ခန်းစာမှ အခြားစကားစုများဖြင့် နှုတ်ခွန်းဆက်နည်းကို ဆရာမက ပြန်နွှေးပေးပါသည်။ | အုပ်စု ၃- မေးခွန်းကိုဖြေဆိုရန် **ဆရာလွှတ်** စူးစမ်းလုပ်ဆောင်ကြကာ နောက်တစ်မျိုး **တုံ့ပြန်ခြင်း၊ အကြောင်းပြ**ခြင်းများ ပြုကြသည်။ ဥပမာ - ဒီနေ့ဖွားဖွားနဲ့တွေ့မှာဆိုတော့ စိတ်လှုပ်ရှားနေတယ်။ |

**မှတ်ချက်** – အုပ်စုအားလုံး စကားပြောနှင့်နားထောင်မှုလေ့ကျင့်သော်လည်း အုပ်စုချင်းအကြောင်းအရာမတူပါ။  အုပ်စု ၁ က ယခင်သင်ခန်းစာအကြောင်းအရာကိုလုပ်ပြီး အုပ်စု ၂ က စကားစုသစ်သုံးကာ အုပ်စု ၃သည် စကားလုံးသစ်သုံးပါသည်။ အတန်းအပြီး အင်္ဂလိပ်ဘာသာဖြင့် နှုတ်ဆက်ရမည့် ရည်ရွယ်ချက် အောင်မြင်သွားပါပြီ။ အဆင့်ချင်းမတူသော်လည်း သင်ခန်းစာအတွင်း **ကွဲပြားအောင်ခွဲခြားထားသည့် အကြောင်းအရာ**ကို သုံးခြင်းဖြင့် အားလုံးတတ်မြောက်သွားခြင်းဖြစ်သည်။

## လုပ်ဆောင်ချက် ၁၁.၄ - အကြောင်းအရာ - မည်သူ့အတွက်နည်း (၄၅ မိနစ်)

သင်ခန်းစာကြောင့်အားလုံးအကျုံးဝင်မှုပိုမိုစေပြီး အစဉ်အလာပို့ချနည်းကိုသုံးမည့်အစား အခြားနည်းတစ်ခုကို သုံးရာတွင် မိမိတို့ ကျောင်းသူကျောင်းသားများကို ဦးတည်စူးစိုက်စေမည့် အောက်ပါဖွင့်ဆိုချက်များကို ဖတ်ပါ။

ခေါင်းစဉ်ခွဲများကို **ဖတ်ပြီး** သက်ဆိုင်ရာဖွင့်ဆိုချက်များနှင့် **တွဲပေး**ပါ။

**သင်ယူပုံများ**

**လူမှုရေးရာ ကျွမ်းကျင်မှု**

**အားလုံး အကျုံးဝင်မှု**

**ကျောင်းသား ဦးရေ**

**သင်ယူရန် အဆင်သင့်ဖြစ်မှု**

**အသက်/အတန်း**

၁. ကျောင်းသူကျောင်းသားများအတူတကွလုပ်နိုင်ပါသလား။ အုပ်စုများကိုစီမံခန့်ခွဲနိုင်ရေး ပံ့ပိုးပေးရန် လိုအပ်ပါသလား။ ၎င်းတို့အခက်ကြုံလျှင် ဖြေရှင်းနိုင်မည့်နည်းကို ကြိုတင်စူးစမ်းထားရန် လိုအပ်ပါသလား။

၂. ကျောင်းသူကျောင်းသားများ၏လက်ရှိနားလည်မှုအဆင့်ကိုနားလည်ခြင်း။ အချင်းချင်း ဆင်တူမှု ရှိမရှိ၊ နားလည်မှုတူညီသူများကို စု၍ရမရစဉ်းစားပါ။ အချင်းချင်း ပံ့ပိုးပေးနိုင်ရန် ရောနှောထားသည့် အုပ်စုများက ပိုမိုထိရောက်သည်ဟုလည်း ယူဆနိုင်ပါသည်။

၃. ကျောင်းသူကျောင်းသားအားလုံးပါဝင်ပြီး အောင်မြင်နိုင်ပါမည်လား။ အချို့ကို ဆက်လက်ပံ့ပိုးရန် လိုအပ်မည်လား။ အုပ်စုလိုက်ဆောင်ရွက်မှုကို ကူညီနိုင်ပါမည်လား။ အခြားကျောင်းသူကျောင်းသား များက ပံ့ပိုးနိုင်ပါမည်လား။

၄. ကျောင်းသူကျောင်းသားအငယ်များသည် ပိုမိုပံ့ပိုးပေးခြင်း၊ အသေးစိတ်ရှင်းလင်းခြင်းများကို လိုအပ်ကောင်း လိုအပ်ပါမည်။

၅. ကျောင်းသူကျောင်းသားအားလုံး တစ်ပုံစံတည်း သင်ယူပါသလား။ အာရုံအမျိုးမျိုးဖြင့် သင်ယူမှုဖြင့် လုပ်ဆောင်ချက်အမျိုးမျိုးကို သုံးပါက ပိုမို စိတ်ပါဝင်စားဖွယ်ကောင်းပြီး စုံလင်ပါမည်လား။

၆. အတန်းထဲမှ ကျောင်းသူကျောင်းသားအရေအတွက်က အုပ်စုလိုက်လုပ်ဆောင်ချက် အောင်မြင်မှု အပေါ် သက်ရောက်နိုင်ပါသည်။ အုပ်စုအရွယ်အစားနှင့် အုပ်စုတွင်း ကျောင်းသူကျောင်းသား တစ်ဦးချင်းအကြောင်းကို စဉ်းစားပါ။ အုပ်စုဖွဲ့ပြီး သိပ်မလုပ်ဖူးလျှင် အုပ်စုငယ်များဖြင့် စတင်ပြီး တဖြည်းဖြည်းတိုးချဲ့လုပ်ကိုင်နိုင်ပါသည်။

အောက်ပါတို့ကို သင်ယူမှုဂျာနယ်အတွင်းကူးပြီး အဖြေမှန်ရေးပါ။ ဥပမာတစ်ခုပေးထားပါသည်။

| သင်ယူပုံ | လူမှုရေးရာ ကျွမ်းကျင်မှု | အားလုံး အကျုံးဝင်မှု | ကျောင်းသား ဦးရေ | သင်ယူရန် အဆင်သင့်ဖြစ်မှု | အသက်/အတန်း |
| --- | --- | --- | --- | --- | --- |
| | | ၃ | | | |

## လုပ်ဆောင်ချက် ၁၁.၄ -အဖြေ

| သင်ယူပုံ | လူမှုရေးရာ | အများအကျိုးဝင်မှု | ကျောင်းသူကျောင်းသားအရေအတွက် | သင်ယူရန်အဆင်သင့်ဖြစ်မှု | အသက်/အတန်း |
|---|---|---|---|---|---|
| ၅ | ၁ | ၃ | ၆ | ၂ | ၄ |

ယခင်သင်ရိုးပိုင်းများတွင် ဘလွမ်း၏ဇယားကိုသုံးပြီး ကျောင်းသူကျောင်းသားများအတွက် သင့်တော်အောင်ပြုပြင်သင်ယူမှုအကြောင်း ဆွေးနွေးခဲ့ပြီ။ ၎င်းကို သင်ခန်းစာအကြောင်းအရာ ကွဲပြားခြားနားအောင်လုပ်ရာတွင်သုံးနိုင်ပုံကို စဉ်းစားပါ။




Image source: [https://www.flickr.com/photos/vandycft/29428436431](https://www.flickr.com/photos/vandycft/29428436431) (Creative Commons)

ယခင်ဥပမာတွင် သင်ခန်းစာရှိအသိသညာတစ်ခုကို ကျောင်းသူကျောင်းသားများ အကျွမ်းတဝင်မရှိလျှင် ဘလွမ်းဇယားအောက်ပိုင်းအဆင့်များအရ အချက်အလက်များ၊ အခြေခံအသိသညာများကိုမှတ်မိခြင်းဖြင့် လုပ်ဆောင်ချက်များကို ဆောင်ရွက်လျှင် ပိုမိုအသုံးတည့်ကြောင်းတွေ့ခဲ့ပြီ။ နားလည်မှုပိုမိုမြင့်မားသော ကျောင်းသူကျောင်းသားများအတွက် အသိပညာကို အသုံးချရန် သင်ခန်းစာ **အကြောင်းအရာ**များ လိုအပ်ပါမည်။
ဆရာ/မတို့က **အကြောင်းအရာ**ကို ကွဲပြားအောင်ခွဲခြားသင်ကြားသောအခါ ကျောင်းသူကျောင်းသားများအား လေ့လာစေလိုသောအရာ (သို့) အသိပညာနှင့် ကျွမ်းကျင်မှုရရှိပုံနှင့် လိုက်လျောညီထွေ စီစဉ်ဆောင်ရွက်ပါသည်။

ဆရာ/မတို့သည် ကျောင်းသူကျောင်းသားတစ်ဦးချင်းအဆင့်နှင့်သင့်တော်သည့် စာ၊ ဝတ္ထု၊ ပုံပြင်များသုံးကြပါသည်။ နောက်ဥပမာတစ်ခုမှာ စာအရေးအသားနှင့်စကားပြောနည်း တစ်ခုတည်းသုံးမည့်အစား ရုပ်ပုံ၊ မြေပုံ၊ ကားချပ်စုစည်းမှုတို့ဖြင့် အသိသညာများကို မိတ်ဆက်ခြင်း၊ ခိုင်မာစေခြင်း ဖြစ်ပါသည်။ ဤသို့အားဖြင့် ကျောင်းသူကျောင်းသားများအား အကြောင်းအရာကို ကြည့်နည်း၊ တွေးခေါ်နည်းနှင့် မှတ်သားနည်းအဖုံဖုံတို့ကို ပေးနိုင်ပါမည်။ ပြုလွယ်ပြောင်းလွယ်အုပ်စုများကိုသုံးပြီး ကျောင်းသူကျောင်းသားများကို အသံသွင်းစာအုပ်နားထောင်ရန် (သို့) အင်တာနက်အရင်းအမြစ်ဝင်ကြည့်ရန် ဆရာ/မများက အလုပ်ပေးကာ

ဆောင်ရွက်စေနိုင်ပါသေးသည်။ ကျောင်းသူကျောင်းသားများမှလည်း နှစ်ယောက်တွဲ၊ အုပ်စုဖွဲ့ သို့မဟုတ် တစ်ဦးချင်း မိမိဘာသာ ရွေးချယ်ကာ လုပ်ဆောင်နိုင်ပါမည်။ သို့သော် အားလုံးသည် တူညီသော စံသတ်မှတ်ချက်များ၊ ရည်ရွယ်ချက်များဆီသို့ ဦးတည် ဆောင်ရွက်နေပါသည်။ မျက်နှာချင်းဆိုင်သင်ကြားခြင်းအတွက် ပုံနှိပ်စာအုပ်များကို ကျောင်းသူကျောင်းသားများအားလုံး အဆင့်တစ်ဆင့်တည်း ဖတ်ခြင်းထက် အဆင့်ခွဲခြားထားသည့်စာအုပ်များကိုသုံးပြီး ကွဲပြားခြားနားအောင် ဖတ်ကြားလုပ်ဆောင် စေနိုင်ပါသည်။

**လုပ်ဆောင်ချက် ၁၁.၅ - ဗီဒီယို - အကြောင်းအရာကွဲပြားခြားနားစေခြင်း (၃၀ မိနစ်)**

၁. အောက်ပါ**ဗီဒီယိုကိုကြည့်ပြီး** စာကိုဦးတည်လုပ်ဆောင်သည့် လုပ်ဆောင်ချက်များအကြောင်းတွေးပါ။ ဤဗီဒီယိုတွင် ၎င်းတို့ကို DARTs ဟုအမည်ပေးထားပြီး အတိုကောက်စာလုံးမှတ်မိရန်မလိုပါ။ ကျောင်းသူကျောင်းသားများအတွက် အကြောင်းအရာ အမျိုးမျိုးကို ဖန်တီးရန် လုပ်ဆောင်ချက်များ ခွဲခြမ်းပုံ၊ လိုက်လျောညီထွေသုံးပုံကိုသာ စူးစိုက်ကြည့်ရှုပါ။



https://www.bell-foundation.org.uk/eal-programme/guidance/effective-teaching-of-eal-learners/great-ideas/darts/

**၂. ဗီဒီယိုမှဗျူဟာ** အချို့ကို သင်ယူမှုဂျာနယ်တွင် အကျဉ်းမျှဖော်ပြပါ။

- ဇယားသို့မဟုတ်စံနစ်ပုံတစ်ပုံဆွဲပါ
- အဓိကစကားလုံး (သို့) စကားတစ်ခုကို မျဉ်းသားပါ
- ကွက်လပ်ဖြည့်ပါ
- တန်းစီပါ

၃. ကျောင်းသူကျောင်းသားများကို စာဖတ်ခိုင်းသည်ဟု စိတ်ကူးပါ။ အတန်းတွင်းလုပ်ခိုင်းမည့် လုပ်ဆောင်ချက်တစ်ခု ဖန်တီးမှုအကြောင်းတွေးပါ။ စာနှင့်တိုက်ရိုက်ဆက်နွယ်သည့် လုပ်ဆောင်ချက်တစ်ခုကို ဦးတည်ချက်ရှိရှိ **ရွေးချယ်ပါ။**

| **အကယ်၍စာသည် ...** |
|---|
| ... အကြောင်းအရာနှစ်ခု(သို့)ထို့ထက်ပိုပြီး နှိုင်းယှဉ်ခွဲခြားခဲ့လျှင် |
| ... ဖြစ်စဉ်တစ်ခုကို ဖော်ပြခဲ့လျှင် |
| ...စိတ်ကူးယဉ်(သို့) တစ်ကယ့်အဖြစ်အပျက်ဖြစ်စဉ်တစ်ရပ်ကိုဖော်ပြခဲ့လျှင် |
| ...တစ်စုံတစ်ခု အမျိုးအစားခွဲခြားပုံကို ဖော်ပြခဲ့လျှင် |
| ...အရာဝတ္ထုတစ်ခုကို သရုပ်ဖော်ခဲ့လျှင် |
| ...အငြင်းအခုံတစ်ခုကို တင်ပြခဲ့လျှင် |

| **... ကို လုပ်ဆောင်နိုင်ပါသည်** |
|---|
| စီးဆင်းမှုပြဇယားတစ်ခု |
| ဇယားတစ်ခု(သို့)ဗင်းဇယားပုံ |
| စီးဆင်းမှုပြဇယားတစ်ခု |
| ပင့်ကူပုံဇယား(သို့)စိတ်ကူးပြမြေပုံ |
| အခက်ဖြာဇယားပုံ |
| အမည်တပ်ဇယားပုံ |

၄. DARTS အကြောင်း ဆက်လက်လေ့လာလိုပါလျှင် **နောက်ဆက်တွဲ ၂** မှဆက်လက်**ဖတ်ရှု**ရန်ကိုကြည့်ပါ။ လုပ်ငန်းဖော်တစ်ဦးနှင့် ဆွေးနွေးပြီး ဗီဒီယိုအတူကြည့်နိုင်ပါသည်။

## လုပ်ဆောင်ချက် ၁၁.၅ အဖြေ

| အကယ်၍စာသည် ... | ... ကို လုပ်ဆောင်နိုင်ပါသည် |
|---|---|
| ... အကြောင်းအရာနှစ်ခု(သို့)ထို့ထက်ပိုပြီး နှိုင်းယှဉ် ခွဲခြားခဲ့လျှင် | ဇယားတစ်ခု(သို့)ဗင်းဇယားပုံ |
| ... ဖြစ်စဉ်တစ်ခုကို ဖော်ပြခဲ့လျှင် | စီးဆင်းမှုပြဇယားတစ်ခု |
| ...စိတ်ကူးယဉ်(သို့) တစ်ကယ့်အဖြစ်အပျက်ဖြစ်စဉ် တစ်ရပ်ကိုဖော်ပြခဲ့လျှင် | စီးဆင်းမှုပြဇယားတစ်ခု |
| ...တစ်စုံတစ်ခု အမျိုးအစားခွဲခြားပုံကို ဖော်ပြခဲ့လျှင် | အခက်ဖြာဇယား |
| ...အရာဝတ္ထုတစ်ခုကို သရုပ်ဖော်ခဲ့လျှင် | အမည်တပ်ဇယား |
| ...အငြင်းအခုံတစ်ခုကို တင်ပြခဲ့လျှင် | ပင့်ကူပုံဇယား(သို့)စိတ်ကူးပြမြေပုံ |

## ၃.၃ လုပ်ငန်းစဉ်အရကွဲပြားခြားနားစေခြင်း

သင်ယူမှု**လုပ်ငန်းစဉ်**ကို ကွဲပြားခြားနားစေမည့်အကြောင်း စဉ်းစားကြသည့်အခါ ကျောင်းသူကျောင်းသားများ **သင်ယူပုံ**ကို တွေးတောကြပါသည်။ ကျောင်းသူကျောင်းသားများ၏ နားလည်မှုအပေါ် အခြေပြုလျက် အုပ်စုဖွဲ့ရာတွင်လည်းကောင်း၊ အချင်းချင်း ဖြည့်စွက်ရန် သို့မဟုတ် ပံ့ပိုးရန် အုပ်စုများပြန်ရောနှောရာတွင်လည်းကောင်း ယခင်ကဆွေးနွေးခဲ့ဖူးသည့် ကွဲပြားခြားနားစေမည့် **လုပ်ငန်းစဉ်**တစ်ရပ် ရှိခဲ့ပါသည်။
အသိသညာများသင်ကြားပုံကိုပြောင်းလဲနိုင်ပါသေးသည်။ ဥပမာ ရုပ်ပုံ၊ အသံ၊ လှုပ်ရှားမှု စသည်ဖြင့် (သို့မဟုတ် သင်ရိုးပိုင်း ၂ တွင် စူးစမ်းခဲ့သည့် အာရုံအမျိုးမျိုးဖြင့်သင်ယူမှု)

ဒေါ်အေးမြတ်သူအတန်းဥပမာတွင် အကြောင်းအရာပြောင်းလဲပြီး ကွဲပြားခြားနားစေမည့် လုပ်ငန်းစဉ်တစ်ရပ်ကို ပြသခဲ့ပြီ။ သင်ခန်းစာကို ပြန်ကြည့်ပြီး ကျောင်းသူကျောင်းသားများအတွက် **လုပ်ငန်းစဉ်**ကို ပြောင်းလဲပုံကို သင်ယူမှုဂျာနယ်တွင်ရေးပါ။




စကားစုသစ်နှင့် တုံ့ပြန်ပုံအား ဆရာမမှ ကျောင်းသားအားလုံးတတ်မြောက်အောင် သင်ကြားပေးပါသည်။ နမူနာလုပ်ပြပြီး အားလုံးလိုက်ဆိုကြပါသည်။ အတန်းအပြီး ကျောင်းသားအားလုံး ထိုစကားစုများကို တတ်မြောက်ရန် မျှော်မှန်းထားပါသည်။



| | | |
|---|---|---|
| အုပ်စု ၁- **ဆရာမနှင့်လုပ်ရန်** -ယခင် သင်ခန်းစာမှ နှုတ်ခွန်းဆက်ခြင်းကို ပြန်နွေးပြီး စကားစုများကို လိုက်ဆိုပါမည်။ သဏ္ဍာန်တူ လုပ်ဆောင်ပြီး နေရာတကျ နှုတ်ခွန်းဆက်ကြမည်။ **ဆရာမက မေးပြီး ကျောင်းသားများ ဖြေဆို**ကြပါသည်။ | အုပ်စု ၂ - **အုပ်စုလိုက်** သဏ္ဍာန်တူ သရုပ်ဆောင်လျက် **အမေးအဖြေ** လုပ်ကြပါမည်။ ယခင်သင်ခန်းစာမှ အခြားစကားစုများဖြင့် နှုတ်ခွန်းဆက်နည်းကို ဆရာမကပြန်နွေးပေးပါသည်။ | အုပ်စု ၃ - မေးခွန်းကိုဖြေဆိုရန် **ဆရာလွတ်**စူးစမ်းလုပ်ဆောင်ကြကာ ခံစားချက်ထည့်ပြီး နောက်တစ်မျိုး **တုံ့ပြန်ခြင်း၊ အကြောင်းပြ**ခြင်းများ ပြုကြသည်။ ဥပမာ ဒီနေ့ဖွားဖွားနဲ့တွေ့မှာဆိုတော့ စိတ်လှုပ်ရှားနေတယ်။ |

**ဆွေးနွေးပါ**

သင်ခန်းစာတွင် သင်ယူမှုကို အံဝင်ခွင်ကျဖြစ်အောင် တစ်အုပ်စုလျှင် လုပ်ငန်းစဉ်တစ်မျိုး ဒေါ်အေးမြတ်သူက ရွေးချယ်ပါသည်။

- အုပ်စု ၁ ကို **လူကြီးတစ်ဦး**က **ပံ့ပိုး**ပေးပါသည်။ ယခင်သင်ခန်းစာမှ တတ်မြောက်ထားသည်များ ပိုမိုခိုင်မာစေရန် သဏ္ဍာန်တူသရုပ်ဆောင်လျက်ပြန်ကြည့်ကြပါသည်။ ကျောင်းသူကျောင်းသားများ အားထုတ်ရန်သိပ်မလိုပါ။ အသစ်မသင်ကြားမီ ကျွမ်းကျင်မှုကို လေ့ကျင့်ရန်နှင့် ခိုင်မြဲစေရန် အခွင့်အလမ်း ရရှိစေပါသည်။
- အုပ်စု ၂ **အုပ်စုများဖွဲ့ပြီးလုပ်ဆောင်**သောကြောင့် အချင်းချင်းပံ့ပိုးမှု ရှိပါသည်။ သဏ္ဍာန်တူ သရုပ်ဆောင် လေ့ကျင့်ပုံချင်း တူသော်လည်း ယခင်သင်ခန်းစာအပေါ် ဆင့်ပိုးသင်ယူရန် မျှော်လင့်ချက် မြင့်မြင့်မားမား ထားရှိပါသည်။
- အုပ်စု ၃ ကို **ဆရာလွတ်**လုပ်ဆောင်စေသောကြောင့် စိန်ခေါ်မှုပိုမိုမြင့်မားပါသည်။ ဘာသာစကားကို ပိုမိုလေ့လာပြီး ဝါကျဖွဲ့ခြင်း၊ ကျန်ကျောင်းသားများအား ဆရာမက ပေးထားသည့် နမူနာအဖြေကို မသုံးဘဲ မေးသည့်မေးခွန်းကို ဆီလျော်အောင် ရွေးချယ်ဖြေဆိုရခြင်းတို့လုပ်ဆောင်ပါသည်။

**ဆွေးနွေး/သုံးသပ်ချက် -** ဒေါ်အေးမြတ်သူက ကျောင်းသားများအား ဘယ်လိုအုပ်စုဖွဲ့ပါသနည်း။ မည်သူကို မည်သည့် အဖွဲ့တွင်း ထည့်ရမည်မှန်းသိရန် မည်သည့် **စစ်ဆေးအကဲဖြတ်**နည်းကို သူ သုံးနိုင်ပါမည်နည်း။

စစ်ဆေးအကဲဖြတ်မှုအကြောင်း သင်ရိုးပိုင်းတစ်ခုလုံး နောင်တွင်လုပ်မည်ဖြစ်သောကြောင့် ဤသင်ရိုးပိုင်းတွင် အသေးစိတ် မသွားသေးသော်လည်း ယခုအဆင့်တွင် ဆွေးနွေးလျှင် အကျိုးဖြစ်ထွန်းနိုင်ပါမည်။

## ၃.၃.၁ လုပ်ငန်းစဉ်...ဆက်လက်လေ့လာရန်

သင်ရိုးပိုင်း ၄ တွင် အစဉ်အလာသင်ကြားရေးနည်းများနှင့်ပိုမိုခေတ်မီသောချဉ်းကပ်နည်းကို နှိုင်းယှဉ်လေ့လာရာတွင် အုပ်စုဖွဲ့လုပ်ဆောင်မှုအပါအဝင် သင်ယူသူဗဟိုပြုချဉ်းကပ်မှုအား စူးစမ်းခဲ့ပြီ။ အားသာချက်များကို ပြန်နွေးရန် ဤသင်ရိုးပိုင်းကို ပြန်ကြည့်လျှင် အကျိုးရှိနိုင်ပါမည်။

ကျောင်းသူကျောင်းသားများအဆင်သင့်ဖြစ်မှုအပေါ်မူတည်၍ 'စွမ်းဆောင်ရည်'အဖွဲ့များခွဲခြားဖွဲ့သည့် ဥပမာများကြည့်ခဲ့ပြီ။ သင်ခန်းစာ ရည်ရွယ်ချက်များအပေါ်မူတည်လျက် တစ်အုပ်စုချင်း၏ နားလည်မှုအဆင့်များအရ ဆရာ/မက လုပ်ဆောင်စရာများ ပေးခဲ့ပါသည်။ သင်ယူမှုကို ဆရာလွတ်လုပ်ခြင်း၊ နှစ်ယောက်တွဲလုပ်ခြင်း၊ အုပ်စုဖွဲ့ခြင်း၊ တစ်တန်းလုံးလုပ်ခြင်းတို့မှ မည်သည်က အကောင်းဆုံးဖြစ်ကြောင်း ဆရာ/မအနေဖြင့် တွေးနိုင်ပါသည်။




Image sources: https://pixabay.com/images/search/burma/?pagi=2& (free)

**သင်ယူပုံများ**ကိုအခြေပြုလျက် ကျောင်းသူကျောင်းသားများကို အုပ်စုခွဲနိုင်ပါသေးသည်။ ကျောင်းသူကျောင်းသားများသည် အဆင့်အသီးသီးတွင်ရှိကြပြီး နည်းမျိုးစုံဖြင့်သင်ယူကြသောကြောင့် တစ်ပြေးညီသင်ကြားရန်ခက်ခဲကြောင်း ဆရာ/မက နားလည်ပါမှ အုပ်စုဖွဲ့နိုင်ပါမည်။

မိမိသင်ယူလိုသည့်နည်းအကြောင်းစဉ်းစားပါ

- တစ်ခုခုမသင်ကြားမီ ကြိုတင်ဖတ်ထားရန် အချိန်ရလိုပါသလား။
- တုံ့ပြန်မဖြေကြားမီ ဆွေးနွေးရန်အချိန်ကို နှစ်သက်ပါသလား။
- လက်တွေ့သင်ယူမှုအတွေ့အကြုံကို နှစ်သက်ပါသလား။

သင်ရိုးပိုင်း ၂ လုပ်ဆောင်ချက် ၂.၁၂ အာရုံအမျိုးမျိုးဖြင့်သင်ယူမှုမှုပုံကိုကြည့်ပါ။ နားထောင်ခြင်း၊ ကြည့်ရှုခြင်း၊ စူးစမ်းရန်နှင့် စမ်းသပ်ရန် အချိန်ပေးခြင်းစသည့် ပုံစံအမျိုးမျိုးဖြင့် ကျောင်းသူကျောင်းသားများ သင်ယူစေနိုင်ရေး အခွင့်အလမ်းပေးပုံကို စဉ်းစားပါ။

## ၂.၁၂ အဖြေ




### လုပ်ဆောင်ချက် ၁၁.၆ - ဗီဒီယို - ကွဲပြားခြားနားရေးလုပ်ငန်းစဉ် (၃၀ မိနစ်)

**၁.** အောက်ပါ**ဗီဒီယိုနှစ်ကားကိုကြည့်**ပြီး သင်ယူမှုလုပ်ငန်းစဉ်အကြောင်းတွေးပါ။

- ယခင်ကဤနည်းကို သုံးဖူးပါသလား။
- သုံးဖူးလျှင် မည်မျှထိရောက်ပါသနည်း။
- မသုံးဖူးလျှင် စမ်းလုပ်ကြည့်လိုပါသလား။

သင်ယူမှုဂျာနယ်တွင် မေးခွန်းများကိုဖြေဆိုပြီး ဗီဒီယိုမှ အတွေးအမြင်များကို မှတ်စုများရေးပါ။



**ဗီဒီယိုရုပ်သေ**

https://youtu.be/7N_cT-bjSqI

ရုပ်သေဖြင့် မြင်ကွင်းတစ်ခုကို ဖန်တီးကာ ပုံပြင်တစ်စိတ်တစ်ပိုင်းကို ကျောင်းသူကျောင်းသားများအား အတူတကွ ကြည့်ရှုနိုင်စေပါသည်။ အတွေးအမြင်၊ အကြောင်းအရာ၊ စာထဲမှကာလတစ်ခု စသည်တို့ကို ကျောင်းသူကျောင်းသားများ မိမိတို့ ခန္ဓာကိုယ်ဖြင့် အရုပ်အသွင်ဖန်တီးစေနိုင်ပါသည်။



**ဗီဒီယိုမေးခွန်း**

https://youtu.be/54zLEORXImY

ဆရာ/မ(သို့)ကျောင်းသူကျောင်းသားတစ်ယောက်က သရုပ်ဆောင်သည့် ဇာတ်ကောင်(များ)ကို ကျန်အဖွဲ့ဝင်များမှ တွေ့ဆုံမေးမြန်းသည့် ဗျူဟာဖြစ်ပါသည်။

**၂.** ဘာသာရပ်သင်ခန်းစာတစ်ခုကိုပံ့ပိုးပေးနိုင်မည့် **လုပ်ဆောင်ချက်တစ်ခုကိုရွေးပါ။** အုပ်စုငယ်ဖွဲ့လုပ်ဆောင်ချက်ကို စီစဉ်ပြီး ပြုလုပ်ရန်ပြင်ဆင်ပါ။ ဤလုပ်ဆောင်ချက်များ သုံးရန်မှာ မိမိကျောင်းသူကျောင်းသားများ၏ ယုံကြည်စိတ်ချမှုအနေအထား၊ အဖွဲ့အသွင် မည်မျှကောင်းကောင်း လုပ်ဆောင်နိုင်ကြမည်ဖြစ်ကြောင်း သိရှိထားရန်လိုအပ်ပါမည်။ ကောင်းကောင်းလုပ်နိုင်မည်ဟု မိမိထင်သည့်အသင်းများဖြင့် ကျောင်းသူကျောင်းသားများကို အုပ်စုဖွဲ့လျှင်အကျိုးရှိနိုင်ပါသည်။

**ထိပ်တန်းအကြံပြုချက် –** သင်ခန်းစာမတိုင်မီ အဖွဲ့ကြိုတင်ခွဲပြီး ရေးမှတ်ထားလျှင် အချိန်ကုန်သက်သာပါမည်။ ကျောင်းသူကျောင်းသားများကို ထိထိရောက်ရောက်နှင့် အချိန်မီ စုစည်းနိုင်သောကြောင့် စတင်လုပ်ဆောင်နိုင်ကြပါပြီ။ ကျောင်းသူကျောင်းသားများ မည်သူက မည်သူနှင့်လိုက်ဖက်ညီပြီး အချင်းချင်းဖေးမပေးနိုင်ကြောင်းသိရှိရန် ကျောင်းသူကျောင်းသားများ၏ စရိုက်ကိုလည်း ထည့်သွင်းစဉ်းစားရန် အချိန်ရခဲ့ပါသည်။

ကျောင်းသူကျောင်းသားများ၏ အသက်အရွယ်၊ အတန်းတို့အပေါ်မူတည်လျက် သင်ခန်းစာအကြောင်းအရာ လေ့လာသည့် **လုပ်ငန်းစဉ်**ကို ကွဲပြားခြားနားအောင်လုပ်နိုင်ပါသည်။ ကျောင်းသူကျောင်းသားများ အလွယ်ကူဆုံး လေ့လာနိုင်မည့် နည်းလမ်းအပေါ် အခြေပြုကာ ကွဲပြားခြားနားအောင် ဆောင်ရွက်ပါမည်။

ဥပမာ အချိန်ကြာကြာ အာရုံမစိုက်နိုင်သည့် ကျောင်းသူကျောင်းသားအငယ်များကို သင်ကြားသည့်အခါ သင်ယူမှုဖြစ်စဉ်တွင် သီချင်းများ၊ လှုပ်ရှားမှုများ အစရှိသည့် အပြန်အလှန်တုံ့ပြန်မှု ပါရှိပါမည်။

နောက်သင်ရိုးပိုင်းများတွင် အတန်းစုံသင်ကြားရေး၊ အသက်ရွယ်စုံကျောင်းသူကျောင်းသားများ စသဖြင့်ကို သင်ကြားသည့် ဆရာ/မများအား ပံ့ပိုးရေးအကြောင်း ဆွေးနွေးကြပါမည်။

**ဆွေးနွေးပါ။**

သင်ခန်းစာနှင့် လုပ်ဆောင်ချက်အပေါ် မူတည်၍ ကျောင်းသူကျောင်းသားများအား အုပ်စုဖွဲ့မှုသည် ပြုလွယ်ပြောင်းလွယ် ဖြစ်ရန် အရေးကြီးပါသည်။ စွမ်းဆောင်ရည်အရ အဖွဲ့ဖွဲ့လျှင် အားလုံးအကျုံးဝင်မှုမရှိတော့ဘဲ လူမှုစီးပွားနောက်ခံမတူသည့် ကျောင်းသူကျောင်းသားများအကြား ပညာတတ်မြောက်မှု ကွဲပြားခြားနားနိုင်ချေကို ပိုမိုနက်ရှိုင်းစေနိုင်ပါသည်။ ပညာရေးတွင် ပေါက်မြောက်အောင်မြင်မှုကို ကန့်သတ်သည့် အမည်တပ်ခွဲခြားမှုများ၊ 'အနိမ့်ပိုင်း'အုပ်စုမှ ကျောင်းသူကျောင်းသားများအတွက် ပညာရေးအခွင့်အလမ်းများကို ထိခိုက်စေမည့် အန္တရာယ်များလည်း ရှိလာနိုင်ပါသည်။

အုပ်စုဖွဲ့ခြင်း၏ **အားသာချက်နှင့် အားနည်းချက်**တို့ကို ထောက်ဆပြီး လုပ်ငန်းဖော်များနှင့် ဆွေးနွေးသင့်ပါသည်။

ထိထိရောက်ရောက် အုပ်စုခွဲလျှင် သင်ခန်းစာအမျိုးမျိုးအတွက် ကျောင်းသူကျောင်းသားများသည် နည်းလမ်းအဖုံဖုံဖြင့် ရောနှောနေပါမည်။ ကွဲပြားခွဲခြားသည့် သင်ခန်းစာတစ်ခုသည် ကျောင်းသူကျောင်းသားများတစ်ဦးချင်း လွတ်လွတ်လပ်လပ် လုပ်နိုင်ကြောင်း ပြသခွင့်ပေးရန် အရေးကြီးပါသည်။ အုပ်စုလိုက်လုပ်ဆောင်ချက်ပေးရသည့် ရှင်းလင်းသောရည်ရွယ်ချက်၊ အုပ်စုကိုပံ့ပိုးနိုင်မှုတို့ မရှိပါဘဲ ဆရာ/မတို့က အုပ်စုခွဲပေးသည့်အခါ ၎င်းတို့သည် သင်ယူသူဗဟိုပြု ချဉ်းကပ်မှုကို သုံးနေသည်ဟု ထင်မြင်တတ်ကြပါသည်။

ကွဲပြားခြားနားသည့် **လုပ်ငန်းစဉ်**(သို့)လုပ်ဆောင်ချက်များ၏အခြားသာဓကများမှာ

- သင်ယူသူအားလုံးသည် တူညီသည့်နားလည်မှု၊ ကျွမ်းကျင်မှုတို့ဖြင့် အဆင့်ဆင့်လုပ်ဆောင်ကာ ပံ့ပိုးမှု၊ စိန်ခေါ်မှု၊ ခက်ခဲနက်နဲမှု အတိုင်းအတာအဖုံဖုံဖြင့်ဆက်လုပ်ခြင်း
- ပံ့ပိုးမှုလိုအပ်သည့် ကျောင်းသူကျောင်းသားများအား ထိန်းမတ်ပေးခြင်း၊ လက်တွေ့ကူညီမှုပေးခြင်း
- အလုပ်ပြီးရန် အချိန်မလောက်၍ အခက်ကြုံနေရသည့် ကျောင်းသူကျောင်းသားအတွက် နောက်ထပ်ပံ့ပိုးခြင်း၊ စာပို လုပ်နိုင်သည့် ကျောင်းသူကျောင်းသားအား အကြောင်းအရာကို ပိုမိုနက်နက်နဲနဲလေ့လာစေခြင်းတို့ကို လုပ်ဆောင်စေနိုင်ပါသည်။

## ၃.၄ ရလဒ်ဖြင့်ကွဲပြားခြားနားစေခြင်း

**ရလဒ်**အရခြားနားစေရန်မှာ သင်ခန်းစာမှ သင်ယူမှုကိုပြသရန် ကျောင်းသူကျောင်းသားများဘာကို ထုတ်လုပ်ပြသနိုင်မည် ဖြစ်ကြောင်း တွေးတောရပါမည်။ ရေးသားတင်ပြချက်၊ ပုံပြင်၊ သီချင်း၊ မိန့်ခွန်း၊ ဆွဲထားသည့်ပုံတို့ ဖြစ်နိုင်ပါသည်။ ကျောင်းသူကျောင်းသားများကို နည်းအမျိုးမျိုးဖြင့် စစ်ဆေးအကဲဖြတ်ခြင်းသည်လည်း ရလဒ်အရကွဲပြားခြားနားစေခြင်း၏ သာဓကများ ဖြစ်ပါသည်။

ဆရာ/မသည် **ရလဒ်**အရ(သို့)စွမ်းဆောင်ချက်အရ ကွဲပြားခြားနားစေသည့်အခါ ကျောင်းသူကျောင်းသားများအား သင်ခန်းစာမှ တတ်မြောက်မှုကို နည်းအမျိုးမျိုးဖြင့် ပြသခွင့်ပေးပါသည်။ ကွဲပြားခြားနားမှုအမျိုးအစားသည် ကျောင်းသူကျောင်းသားများ အကြိုက် စွမ်းဆောင်ရည်၊ လိုအပ်ချက်၊ စိတ်ဝင်စားမှုနှင့် အားသာချက်တို့အပေါ် မူတည်နိုင်ပါသည်။

ဂျစ်ဆောပဟေဠိသုံးခုဖြင့် **ရလဒ်**အရ ကွဲပြားခြားနားစေပုံကို ကြည့်ပါ။ မည်သည့်ရလဒ်က အလွယ်ဆုံးနှင့် အခက်ဆုံးဖြစ်ကြောင်း သိသာပါသည်။







Image sources: https://freesvg.org/solved-puzzle https://pxhere.com/en/photo/1600619 (free)

ကြည့်စရာနှင့်ပြောစရာနှစ်ခုတစ်ပြိုင်တည်းပေးခြင်းက ပိုမိုစိတ်ဝင်စားဖွယ်ကောင်းပြီး နှစ်ခုထဲမှ တစ်ခုအတွက်အခက်အခဲရှိသူ ကျောင်းသူကျောင်းသားများအတွက် ပံ့ပိုးရာလည်းရောက်ပါသည်။ ၎င်းတို့အနေဖြင့် တစ်မျိုး သို့မဟုတ် နှစ်မျိုးလုံးဖြင့် အသိပညာကို ရယူနိုင်ပါမည်။

သင်ရိုးပိုင်း ၈ တွင် ကျောင်းသူကျောင်းသားများကို သင်ကြားပုံ၊ ထိုသင်ကြားပုံက ၎င်းတို့မှတ်ဉာဏ်အပေါ် သက်ရောက်ပုံကို ပြသသည့် သင်ယူမှုပိရမစ်ကို ကြည့်ခဲ့ပြီ။

အက်ဂါဒေးလ်(၁၉၄၆)၏စံပြုပုံစံအရ နားထောင်ရာမှ မှတ်မိနှုန်းမှာ ပျမ်းမျှ ၅% သာရှိသည်။ အမြင်နှင့်ပေါင်းစပ်လိုက်သောအခါ ၂၀% သို့ တိုးတက်သွားသည်။

ကာလတစ်ခုအတွင်း ကျောင်းသူကျောင်းသားများ အသိပညာနှင့် ကျွမ်းကျင်မှုများကို မှတ်မိအောင် အထောက်အကူပြုသည့် အခြားသင်ကြားမှု စံပြုပုံစံများကို လည်းကောင်း၊ ချဉ်းကပ်နည်းများကို ပေါင်းစပ်ခြင်း၏အားသာချက်များကိုလည်းကောင်း ပြန်တွေးပါ။




Image: https://www.flickr.com/photos/dkuropatwa/with/2097911609/ (free)

### လုပ်ဆောင်ချက် ၁၁.၇ - ရလဒ်များကို ကွဲပြားခြားနားစေခြင်း (၃၀ မိနစ်)

ကျောင်းသူကျောင်းသားများသည် အင်တာနက်၏ အကျိုးအပြစ်တို့ကို ဆွေးနွေးခဲ့ပြီ။

**အောက်ပါဥပမာနှစ်ခုကိုဖတ်ပြီး** ကျောင်းသူကျောင်းသားများအား တင်ပြပုံကို စဉ်းစားပါ။ မည်သည့်ဥပမာကပိုမိုသင့်တော်ပါသနည်း။ အဘယ်ကြောင့်နည်း။

**ဥပမာ ၁ ဆရာ/မ**က ကျောင်းသူကျောင်းသားများကို မိမိ၏အုပ်စုရှိ အစီရင်ခံသူမှ တစ်ဆင့် နှုတ်ဖြင့်တင်ပြစေပါသည်။

**ဥပမာ ၂** ဆရာ/မက တစ်အုပ်စုချင်းကို ပိုစတာတစ်ချပ်စီလုပ်စေပြီး နံရံပေါ် ကပ်စေပါသည်။ ထို့နောက် ပိုစတာကို အချင်းချင်းလှည့်လည် ကြည့်ရှုဖတ်ရှုစေပါသည်။



## ၃.၄.၁ - စိန်ခေါ်မှု

ဆရာ/မသည် ကျောင်းသူကျောင်းသားများ နောက်တစ်မျိုး ကြိုးစားလုပ်ရန်သော်လည်းကောင်း၊ ဆက်လက်လေ့လာ သင်ယူနိုင်ရန် လိုက်လျောညီထွေပြင်ဆင်ရာတွင်လည်းကောင်း သင်ယူမှုကို မည်သို့ဆက်လက်ချဲ့ထွင်နိုင်ကြောင်း သုံးသပ်ရန် အရေးကြီးပါသည်။

- အဆင့်တူအလုပ်ထပ်ပေးခြင်း ဖြစ်ပါသလား။ သို့ဖြစ်လျှင် ကျောင်းသူကျောင်းသားများ ပိုမိုအခြေခိုင်အောင် ထပ်မံလေ့ကျင့်ရန် လိုပါသလား။
- များများသင်ခြင်းထက် နက်နက်နဲနဲ နားလည်မှုအတွက် အခွင့်အလမ်းပေးပါသလား၊ ပိုမိုနက်နဲစွာနားလည်စေမည့် လုပ်ဆောင်ချက်များက အချက်အလက်များကို (ကျယ်ကျယ်ပြန့်ပြန့်)ပိုမိုနားမလည်မီ အပြည့်အဝ နားလည်အောင် လုပ်ပေးပါသည်။ ဥပမာ သင်္ချာတွင်ပိုခက်သည့်ပုစ္ဆာများ၊ ပိုမြင့်သည့်ကိန်းဂဏန်းများပေးခြင်းလား၊ ကျောင်းသူကျောင်းသားများ တွေးခေါ်ပုံကိုရှင်းပြခွင့်ပေးခြင်းလား၊ သင်ခန်းစာမှတတ်မြောက်ထားသည်ကို အသုံးချလုပ်ဆောင်စေခြင်းလား စဉ်းစားဖွယ် ဖြစ်ပါသည်။

### လုပ်ဆောင်ချက် ၁၁.၈ - ကွဲပြားခဲ့ခြားရန်စီစဉ်ခြင်း (ရလဒ်) (၃၀ မိနစ်)



**၁. ဖတ်ရန်** - အောက်ပါအနေအထားကိုဖတ်ပါ။

မီမီက ပထမတန်းတက်နေပါသည်။ သူ့ဆရာမက ဖတ်စာမှ နောက်သင်ခန်းစာကို 2Dပုံသဏ္ဍာန်များကို အမည်တပ်ပြီး ဖော်ပြတတ်စေရန် ရည်ရွယ်ချက်ဖြင့် သင်ကြားမည်ဖြစ်သည်။ ပြီးခဲ့သည့်သင်ခန်းစာ အဆုံးတွင် ကျောင်းသူကျောင်းသားများကို အထွက်လက်မှတ်အဖြစ် စာရွက်ငယ်တစ်ရွက်စီပေးခဲ့သည်။ စတုရန်း၊ စက်ဝိုင်း၊ တြိဂံ၊ စတုဂံပုံများကို အမည်တပ်စေပြီး ကျောင်းသူကျောင်းသားများ ၎င်းပုံများအကြောင်း မိမိတို့သိထားသည့် အချက်အလက်များကို ထပ်ထည့်စေပါသည်။

ဤ**ကြိုတင်စစ်ဆေးအကဲဖြတ်**နည်းကိုသုံးခြင်းဖြင့် ကျောင်းသူကျောင်းသားအများစုက ထိုပုံသဏ္ဍာန်များကို သင်္ချာအသုံးအနှုန်းဖြင့် အမည်တပ်ခေါ်ပြီး မဖော်ပြနိုင်ကြောင်း ဆရာမမှသိရှိရပါသည်။ 2Dပုံသဏ္ဍာန်ကို ကောင်းကောင်းနားလည်ပြီး စတုရန်း၊ စက်ဝိုင်း၊ တြိဂံ၊ စတုဂံပုံများကိုလည်း မီမီမှတ်မိပြီး အမည်တပ် နိုင်ကြောင်း တွေ့ရပါသည်။ ထောင့်နှင့်အနားကဲ့သို့သော ဝေါဟာရများလည်း သုံးစွဲပါသည်။

**၂. ဆွေးနွေးသုံးသပ်ပါ**

ဤကဲ့သို့ **ကြိုတင်စစ်ဆေးအကဲဖြတ်**ပုံကို လုပ်ဖူးပါသလား။

နောက်သင်ခန်းစာ ပြင်ဆင်ရာတွင်ထိုအချက်အလက်များကိုမည်သို့သုံးခဲ့ပါသနည်း။

**၃.** မီမီအတွက် ပြင်ဆင်နိုင်ရန် ဆရာမက သင့်တော်သည့် လုပ်ဆောင်ချက်ကို**စီစဉ်**နိုင်ရေး **အကြံပေး**ပါ။

- ဆရာမသင်မည့်အကြောင်းအရာကို မီမီသိပြီးသားဖြစ်လျှင် မီမီဘာလုပ်နိုင်ပါမည်နည်း။
- လုပ်ဆောင်ချက်အတွက် မီမီ့ကို ပံ့ပိုးပေးရန် လိုမလို၊ လိုပါက အခြားကျောင်းသူကျောင်းသားများကိုလည်း သင်ကြားရန် လိုပါက ပံ့ပိုးပေးရန် ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားပါ။ ဥပမာ သင်ပုန်းအသေးစားသုံးနိုင်ပါသည်။

## လုပ်ဆောင်ချက် ၁၁.၈ စိတ်ကူးစိတ်သန်းများနှင့်အကြံပြုချက်များ

**ကြိုတင်စစ်ဆေးအကဲဖြတ်မှု**အရ ဆရာမဘာကိုသိသွားပါသနည်း။

မီမီက 2Dပုံသဏ္ဌာန်များဖြစ်သည့် စတုရန်း၊ စက်ဝိုင်း၊ တြိဂံ၊ စတုဂံပုံတို့ကိုမှတ်မိပြီး အမည်တပ်ခေါ် နိုင်ပါပြီ။
‘အနား’နှင့် ‘ထောင့်’စသည့်စကားလုံးများသုံးကာ2Dပုံသဏ္ဌာန်များကို ဖော်ပြနိုင်ပါပြီ။

မီမီအတွက် နောက်ထပ်ပုံစံများ ဆက်လက်သင်ကြားခြင်းထက် ပိုမိုနက်နဲစွာ နားလည်ရန် ဆရာမမှလုပ်နိုင်ပုံကို စဉ်းစားပါ။ ဤသို့အားဖြင့် ကျောင်းသူကျောင်းသားများအကြား နားလည်မှုကွာဟချက် ကြီးထွားမသွားစေရန် အာမခံပေးနိုင်ပါမည်။

ဆရာမက 2Dပုံသဏ္ဌာန်များကို ကျောင်းသူကျောင်းသားအားလုံးကို ဖော်ပြသည့်အခါ မီမီက အချက်အလက်သစ်များကို လိုအပ်ပါသည်။ အသုံးအနှုန်းမှန်ကန်ရန်၊ တြိဂံထိပ်စွန်း၊ အနားညီ၊ အချိုးညီ မျဉ်းပြိုင်၊ အနားစသည်တို့ကိုဖော်ပြရန် လိုအပ်သည့် အသေးစိတ်အချက်အလက်များ တတ်မြောက်ရန် အရေးကြီးပါသည်။

ဆရာမသည် ပုံဆွဲခြင်း၊ ပြသခြင်းအပြင် အောင်မြင်မှုအတွက် စံနှုန်းများအနေဖြင့် အစိတ်အပိုင်းများကို အမည်တပ်ခြင်းများကို ကျောင်းသူကျောင်းသားအတွက် လုပ်ဆောင်နိုင်ပါသည်။

### မီမီအတွက်လုပ်ဆောင်ရန် အကြံပြုချက်




ကလေးငယ်များအတွက် 2D ပုံသဏ္ဌာန်များကို တိတိကျကျဆွဲကာ အစိတ်အပိုင်းများကို အမည်တပ်ပြီး ပိုစတာ တစ်ချပ်ဖန်တီးပါ။ ပုံများကို တိတိကျကျဆွဲစေခြင်းဖြင့် စတုရန်းနှင့်စတုဂံအကြား ခြားနားချက်ကို မီမီ နားလည်မလည် ဆရာမ သိရှိနိုင်ပါသည်။ မီမီသည် ပုံများကို တိတိကျကျအမည်တပ်ရာတွင် အထောက်အကူ ဖြစ်ရန် ဆရာမလုပ်ထားသည့် စံနမူနာကို (အောင်မြင်မှု အတွက် စံနှုန်းများ) သုံးနိုင်ပါသည်။ အလုပ်ကိုလည်း ဆရာလွတ် လုပ်နိုင်မည်ဖြစ်သည်။



အိတ်တစ်လုံးနှင့်2Dပုံသဏ္ဌာန်အချို့ကိုသုံးပြီး မီမီက ပုံသဏ္ဌာန်များ၏အမည်နာမများကို လေ့လာဆဲ ကျောင်းသူ ကျောင်းသားတစ်ဦး (သို့) အုပ်စုတစ်ခုအတွက် ပုံများကို ဖော်ပြနိုင်ပါသည်။ ဤလုပ်ဆောင် ချက်ဖြင့် မီမီသည် အသုံးအနှုန်းမှန်မှန်ဖြင့် ပုံများကို ဖော်ပြခြင်းကို လေ့ကျင့်နိုင်ပါမည်။ အတန်းဖော်များ အတွက် လုပ်ပြရင်း (သူမသိပြီးသား)ပုံစံများကို ၎င်းတို့အမည်တပ်ရာတွင် ပံ့ပိုးပေးနိုင်ပါမည်။



တိကျ/မတိကျသည့်ပုံသဏ္ဌာန်နမူနာများကို မီမီ့အားပေးပါ။ ဥပမာများကိုကြည့်ပြီး ပေးထားသည့် ပုံများသည် အဘယ်ကြောင့် တြိဂံဟုတ်မဟုတ် မီမီအား ရှင်းပြ/ရေးပြခိုင်းပါ။ မီမီ နက်နက်နဲနဲ နားလည်ကြောင်း၊ အဖြစ်များသော နားလည်မှုလွဲမှားမှုများကို သိကြောင်း ထပ်လောင်းသေချာ စေပါမည်။ ဥပမာ လက်ယာအောက်ဖက်မှ ပုံစံက တြိဂံနှင့်တူသော်လည်း အနားများ ဖြောင့်တန်းခြင်း မရှိပါ။ အလားတူစွာ လက်ဝဲအောက်ဖက်မှ ပုံသည်မှ တြိဂံနှင့်တူသော်လည်း ထိပ်စွန်းနှစ်ခုသာ ပါရှိပါသည်။

Image sources: https://blogs.glowscotland.org.uk/re/primary1bps/2020/10/02/p1p-p1s-shape-hunt/
https://pixabay.com/vectors/bag-paper-brown-food-sack-24550/ (Creative Commons)

## ၃.၄.၂ ကျောင်းသူကျောင်းသားများ၏သင်ယူမှုကို ပံ့ပိုးပေးခြင်း

(သင်ခန်းစာမှထွက်လာသည့်)ရလဒ်ကို ရိုးရိုးရှင်းရှင်းဖြစ်စေရန် သင်ယူမှုကို ပိုမိုအသေးစိတ်သည့်အပိုင်းများ၊ အဆင့်များအသွင် သင့်လျော်အောင်ပြောင်းလဲပေးပါသည်။ သို့မှသာ ကျောင်းသူကျောင်းသားများသည် သိပြီးသားအပေါ် အခြေခံလျက် သင်ယူနိုင်ပြီး အချက်အလက်သစ်များလွန်းခြင်းကြောင့် မနိုင်မနင်းဖြစ်ခြင်းလည်း မရှိပါ။ ဆက်မသင်မီ တစ်နိုင်တစ်ပိုင်လုပ်နိုင်မည့် သင်ယူမှုအသွင် ပိုင်းခြားပေးခြင်းသည် အထောက်အကူပြုပါသည်။

ကွဲပြားခြားနားမှုဖြင့် ကျောင်းသူကျောင်းသားများကို ပံ့ပိုးရန်

- ယခင်သင်ယူထားသည်များပြန်နွှေးပြီး သင်ခန်းစာကိုစတင်ပါ။ ယခင်သင်ယူထားသည်များနှင့် အချိတ်အဆက်မိစေပြီး အကြောင်းအရာအသစ်များနှင့် ကွာဟချက်နည်းစေပါမည်။
- အသစ်သင်ယူဖွယ်ကို အဆင့်ဆင့်ခွဲခြမ်း မိတ်ဆက်ပေးပါ။
- နားလည်မလည်သေချာအောင် မေးခွန်းများများမေးပါ။
- ရှင်းလင်းသည့် စံပုံစံများပေးခြင်း၊ အောင်မြင်မှုအတွက်စံနှုန်းများ သို့မဟုတ် သုံးဖူးသည့်ဥပမာများကို သုံးခြင်းတို့ဖြင့် သင်ခန်းစာ ရလဒ်အကြောင်း ကျောင်းသူကျောင်းသားများ ရှင်းလင်းနေပါမည်။
- အကြောင်းအရာသစ်ကိုသုံးပြီး ကျောင်းသူကျောင်းသားများလေ့ကျင့်ရန် အခွင့်အလမ်းများပေးပါ။

## ၃.၄.၃ ပုံစံတစ်ခု(သို့) စုစည်းစီစဉ်ရန်ရုပ်ပုံကားချပ်သုံးခြင်း

ကျောင်းသူကျောင်းသားများကို ပုံစံချပေးခြင်း၊ အရေးအသားဘောင်တစ်ခု သတ်မှတ်ပေးခြင်းဖြင့် လုပ်ဆောင်ချက်ကို ပိုမိုရှင်းလင်းစေပါမည်။ ပုံစံ (သို့) ညွှန်ကြားချက်များအစရှိသည့် စာအမျိုးအစားတစ်ခုခုကို ချမှတ်ပေးသည့် လေ့ကျင့်ခန်းစာရွက်ကို ပေးနိုင်ပါသည်။

'ဘယ်ကစရမှန်းလည်းမသိဘူး'ဟု ကျောင်းသူကျောင်းသားများ တွေးနိုင်ချေနည်းသွားပါမည်။ မိမိတို့ဘာရေးနေကြောင်း ကျောင်းသူကျောင်းသားများက သိနိုင်သလို ကျောင်းသူကျောင်းသားများရေးသည့် အရာအပေါ် ဆရာ/မက ပိုမိုထိန်းမတ်ပေးစေနိုင်ပါမည်။



ရုပ်ပုံကားချပ်ဖြင့်စုစည်းမှုမှာ ကျောင်းသူကျောင်းသားများအား အကြောင်းအရာ တစ်ရပ်အတွက် အဓိက စိတ်ကူးစိတ်သန်းများကို ရေးချရန် စိတ်ကူးပြမြေပုံကို သုံးစေခြင်း၊ ၎င်းတို့၏သင်ယူမှုအကြောင်း ပြောရန် သိထားသည်များ၊ သိလိုသည်များ၊ သိလိုက်သည်များ စသည့်ခေါင်းစဉ်များပါသည့် ဇယားကိုပေးခြင်းကဲ့သို့ ရိုးရိုးရှင်းရှင်းဖြစ်နိုင်ပါသည်။ ယခင်သင်ရိုးပိုင်းများတွင် ဇယားနှင့် ဗင်းပုံပြဇယားတို့သုံးပြီး အကျိုးအပြစ်၊ တူညီချက်၊ ခြားနားချက်တို့ တင်ပြခဲ့ပြီ။

သင်ရိုးပိုင်း ၉ တွင် ငါးရိုးအသွင် အကြောင်းအကျိုးပုံစံဖြင့် ခက်ခဲနက်နဲသည့်အကြောင်းအရာတစ်ခု ဆွေးနွေးရန် ဆိုခဲ့ပြီ။

## လုပ်ဆောင်ချက် ၁၁.၉ - ဖတ်ကြားရန် - ရုပ်ပုံကားချပ်ဖြင့်စုစည်းမှု (၃၀ မိနစ်)

**၁. ဖတ်ပါ -** နောက်ဆက်တွဲ ၃ မှ **ရုပ်ပုံကားချပ်ဖြင့်စုစည်းမှု**အကြောင်းဖတ်ပါ။

၂. **ရွေးပါ** - ဥပမာတစ်ခုရွေးချယ်ပြီး ကျောင်းသူကျောင်းသားများနှင့် သင်ခန်းစာတွင် ၎င်းကိုမည်သို့သုံးနိုင်ကြောင်း စဉ်းစားပါ။ သင်ယူမှုဂျာနယ်တွင် ရေးပြီး ဖြစ်နိုင်လျှင် လုပ်ငန်းဖော်တစ်ဦးနှင့် ဆွေးနွေးပါ။

၃. **တွေးတောပါ**- အရေးအသားအမျိုးအစားတစ်ခုအတွက်သတ်မှတ်ပေးရန် **ဘောင်တစ်ခု**အသုံးပြုနိုင်ရေး တွေးတောပါ။ ဥပမာ ဟင်းချက်နည်းအတွက် ရေးရန်ပုံစံတွင် ခေါင်းစဉ်အတွက် အကွက်တစ်ကွက်၊ ပါဝင်သည့်ပစ္စည်းများစာရင်းအတွက် အပိုင်းတစ်ပိုင်း၊ ညွှန်ကြားမှုများအတွက် နံပါတ်စဉ်ပါသည့်စာရင်းတစ်ခု၊ ပုံ(သို့)ဇယားအတွက် နေရာလွတ် စသည်များပါရှိနိုင်ပါသည်။

ဤကဲ့သို့သော လုပ်ဆောင်ချက်ကို ကျောင်းသူကျောင်းသားများကိုပံ့ပိုးပေးမည့် '**ဆင့်ပိုးတည်ဆောက်ခြင်း**'ဟူ၍ ကြားဖူးကောင်း ကြားဖူးပါလိမ့်မည်။ စာအမျိုးအစားအကြောင်းကျောင်းသူကျောင်းသားများ ပထမဦးစွာလေ့လာသည့်အခါ အကျိုးရှိနိုင်ပါသည်။

## လုပ်ဆောင်ချက် ၁၁.၁၀ - ဖတ်ကြားရန် - ရုပ်ပုံကားချပ်ဖြင့်စုစည်းမှု(ရလဒ်) (၃၀ မိနစ်)

**ရေးသားရန်အတွက်စကားပြောခြင်း ဗီဒီယို**ကိုကြည့်ပါ။[https://youtu.be/lTbS3Vx2Ruk](https://youtu.be/lTbS3Vx2Ruk)



**ရေးသားရန်အတွက်စကားပြောခြင်း** သည် အရေးအသားသင်ပြနည်းတစ်ခု ဖြစ်သည်။ ကျောင်းသူကျောင်းသားများ၏ သင်ယူမှုကို ဆင့်ပိုးတည်ဆောက်ရန် အဆင့် သုံးဆင့်ပါသည်။ ကျောင်းသူကျောင်းသားငယ်များအတွက် အဓိက သုံးပါသည်။

***အတုယူခြင်း -*** ကျောင်းသူကျောင်းသားများက စာသားများကို သင်ယူမှတ်သားနိုင်ပါသည်။ ၎င်းတို့ အခြားနေရာတွင် ပြောင်းလဲသုံးနိုင်မည့် အတွေးအမြင်၊ ပုံစံများကို ဖော်ထုတ်ရန် အထောက်အကူပြုပါသည်။

***ဆန်းသစ်ခြင်း -*** ထိုအတွေးအမြင်များ၊ ပုံစံများကိုသုံးပြီး ကျောင်းသူကျောင်းသား များက စာအသစ်ရေးပါသည်။ ဆရာ/မနှင့် အတူလုပ်ရန်ဖြစ်သည်။

***တီထွင်ခြင်း-*** ကျောင်းသူကျောင်းသားများကိုယ်တိုင် ဆရာလွတ် မူရင်းစာများကို ဖန်တီးရေးသားနိုင်ရန် ဆရာများက ကူညီပေးသည်။

ဤလုပ်ဆောင်ချက်များသည် ကျောင်းသူကျောင်းသားများ အရေးအသားပုံစံနှင့် ပါဝင်ရမည့်အရာများကို နားလည်စေခြင်းဖြင့် ၎င်းတို့၏ အရေးအသားစွမ်းရည်ကို တိုးတက်စေရန် ရည်မှန်းပါသည်။

### ပြန်လည်သုံးသပ်ပါ။

- ကျောင်းသူကျောင်းသားများမရေးမီ **ဆွေးနွေးပြောဆို**ရန် အချိန်မည်မျှပေးပါမည်နည်း။
- **စာများကို ကျေလည်စွာနားလည်မှတ်မိ**နည်းအကြောင်း၊ ထိုနည်းသည် ကျောင်းသူကျောင်းသားများ၏ စာဖတ်**စွမ်းရည်** တိုးတက်အောင်မည်သို့ပံ့ပိုးပေးနိုင်ကြောင်း ပြောဆိုပါ။
- ကျောင်းသူကျောင်းသားများကိုပုံပြင်တစ်ပုဒ်ရေးစေသည့်အခါ **တီထွင်**ရေးသားနိုင်ရန် မိမိကိုယ်မိမိယုံကြည်စိတ်ချမှုမရှိမီ **အတုခိုးပြီး ဆန်းသစ်ရေးသား**ရန် အချိန်မည်မျှ လိုအပ်ပါမည်နည်း။

## လုပ်ဆောင်ချက် ၁၁.၁၁ - ကွဲပြားခွဲခြားရန်စီစဉ်ခြင်း (၃၀ မိနစ်)

ပြီးခဲ့သည့်အပိုင်းနှစ်ပိုင်းတွင် ဝေမျှခဲ့သည့် ဒေါ်အေးမြတ်သူအတန်းတွင်း နမူနာသင်ခန်းစာအကြောင်းပြန်တွေးပါ။ ဆရာမက ခွဲပေးလိုက်သည့် အုပ်စုများအတွက် သင့်တော်သည့် လုပ်ဆောင်ဖွယ်များကို အကြံပေးပါ။




| | | |
|---|---|---|
| အုပ်စု ၁- **ဆရာမနှင့်လုပ်ရန်** -ယခင်သင်ခန်းစာမှ နှုတ်ခွန်းဆက်ခြင်းကို ပြန်နွှေးပြီး စကားစုများကို လိုက်ဆိုပါမည်။ သဏ္ဍာန်တူ လုပ်ဆောင်ပြီး နေရာတကျ နှုတ်ခွန်းဆက်ကြမည်။ **ဆရာမမေး**ပြီး **ကျောင်းသူကျောင်းသားများ ဖြေဆို**ကြပါသည်။ | အုပ်စု ၂ - **အုပ်စုလိုက်** သဏ္ဍာန်တူ သရုပ်ဆောင်လျက် **အမေးအဖြေ** လုပ်ကြပါမည်။ ယခင်သင်ခန်းစာမှ အခြားစကားစုများဖြင့် နှုတ်ခွန်းဆက်နည်းကို ဆရာမကပြန်နွှေးပေးပါသည်။ | အုပ်စု ၃- မေးခွန်းကိုဖြေဆိုရန် **ဆရာလွှတ်**စူးစမ်းလုပ်ဆောင်ကြကာ ခံစားချက်ထည့်ပြီး နောက်တစ်မျိုး **တုံ့ပြန်ခြင်း၊ အကြောင်းပြ**ခြင်းများ ပြုကြသည်။ ဥပမာ - ဒီနေ့ဒေါ်ဒေါ် နဲ့တွေ့မှာဆိုတော့ စိတ်လှုပ်ရှားနေတယ်။ |

ကျောင်းသူကျောင်းသားများအား ၎င်းတို့တတ်မြောက်မှုကို မိမိကမည်သို့ပြသစေလိုကြောင်းစဉ်းစားပါ။ စာရွက်ပေါ်ရေးစေလိုပါသလား၊ အခြားနည်းနှင့်တင်ပြစေလိုပါသလား။ တစ်အုပ်စုချင်း၏နားလည်မှုအဆင့်၊ ၎င်းတို့၏သင်ယူမှုရလဒ် ခြားနားနိုင်ပုံကို စဉ်းစားပါ။

ဖြစ်နိုင်လျှင် လုပ်ငန်းဖော်နှင့် ဆွေးနွေးပါ။

| **အုပ်စု ၁** | **အုပ်စု ၂** | **အုပ်စု ၃** |
|---|---|---|
| | | |

## လုပ်ဆောင်ချက် ၁၁.၁၁ - အကြံပြုချက်

| အုပ်စု ၁ | အုပ်စု ၂ | အုပ်စု ၃ |
|---|---|---|
| အုပ်စု ၁ အား သဏ္ဍာန်တူ သရုပ်ဆောင်စေပြီး သင်ခန်းစာတွင် လေ့ကျင့်ထားသည့် စကားစုများကို ပြန်တင်ပြပါစေ။ | အုပ်စု ၂ က ယခင်နှင့် လက်ရှိသင်ခန်းစာမှ စကားစုများနှင့် ရင်းနှီးသွားပြီဆိုလျှင် စာစတင် ဖတ်ကြည့်နိုင်ပါပြီ။ ဇာတ်ကောင်များ အချင်းချင်း နှုတ်ဆက်သည့် ကာတွန်းဇာတ်လမ်းတိုတစ်ခုကိုပေးပြီး ဖတ်ပြကြပါစေ။ | ယခုအခါ အုပ်စု ၃ မှ နှုတ်ခွန်းဆက်ခြင်းအကြောင်း စကားစုများ စတင်ရေးသားဖတ်ရှုနိုင်ပါပြီ။ (အဖတ်နှင့်အရေးကျွမ်းကျင်မှုတို့သည် အပြောနှင့်နားထောင်မှုတို့ထက်ပိုမိုမြင့်မားပါသည်။) |

**မှတ်ချက်** - ကျောင်းသူကျောင်းသားများဆက်လက်လေ့လာနိုင်ရန် စကားများပိုမိုမိတ်ဆက်သင်ကြားရာတွင် လွယ်ကူပါလိမ့်မည်။ ပြီးခဲ့သည့်အပိုင်းရှိ တရားမျှတပြီး တန်းတူညီမျှသော သင်ယူမှုအခွင့်အလမ်းအကြောင်း ဆွေးနွေးချက်ကို ထောက်ရှု၍ အသိသညာများကို ကျောင်းသူကျောင်းသားများ ပိုမိုမြန်ဆန်စွာ နားလည်စေနိုင်ရန် အချက်အလက်များထပ်မံထည့်ပေးခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် လေ့လာတတ်မြောက်စေပါမည်။

## ၃.၅ ပတ်ဝန်းကျင်ဖြင့်ကွဲပြားခြားနားစေခြင်း

**ခုံစီပုံ**(သို့) ကျောင်းသူကျောင်းသားများထိုင်သည့်နေရာကို ပြောင်းခြင်းစသဖြင့် စာသင်ခန်းတွင်း ရုပ်ပိုင်းဆိုင်ရာ အပြောင်းအလဲများပြုလုပ်ခြင်းသည် **ပတ်ဝန်းကျင်ကို ပြောင်းလဲခြင်း** ဖြစ်စေနိုင်ပါသည်။

သင်ယူမှုပတ်ဝန်းကျင်တွင် ရုပ်ပစ္စည်းများအထားအသို၊ ဆရာ/မက နေရာသုံးပုံ၊ မီးအလင်းအမှောင် စသည်တို့ပါဝင်ပါသည်။ ကျောင်းသူကျောင်းသားတစ်ဦးချင်းကို ပံ့ပိုးပေးသည့် **အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်** ဖန်တီးရာတွင် ဆရာ/မ၏ကဏ္ဍကို ယခင်သင်ရိုးပိုင်းများတွင် ဆွေးနွေးခဲ့ပြီ။ ပတ်ဝန်းကျင်ကို မည်မျှပြောင်းလဲလွယ်စေမည် ဟူသည်နှင့် ခုံကို မည်သည့်နေရာတွင်ထားမည်ဟူသော အချက်တွင် မကြာမကြာအခက်ကြုံ ကြရပါသည်။ ဖြစ်နိုင်လျှင် မိမိအနေအထားတွင် ပရိဘောဂများကို ထားသိုပုံ၊ တစ်ဦးချင်း တိတ်တိတ်ဆိတ်ဆိတ်လုပ်နိုင်သည့်နေရာနှင့် အုပ်စုဖွဲ့စုပေါင်းလုပ်နိုင်သည့်နေရာများ ပေးနိုင်မပေးနိုင် စဉ်းစားရပါမည်။ ဤနည်းဖြင့် ပြုလွယ်ပြောင်းလွယ်ရှိပြီးလှုပ်ရှားသက်ဝင်သည့် သင်ယူမှုတွင် စိတ်ပါဝင်စားစွာ ပါဝင်စေနိုင်သည့် နည်းမျိုးစုံကို အထောက်အကူပြုပါသည်။



နောက်သင်ရိုးပိုင်းတွင် ဤအကြောင်းကို ဆက်လက်ဆွေးနွေးထားပြီး အားလုံးအတွက်သင်ယူပုံဒီဇိုင်း(UDL)ချဉ်းကပ်မှုအကြောင်း အခြေခံသဘောတရားများကို အကြမ်းဖျင်းချမှတ်ပေးထားပါသည်။ UDL သည် ကျောင်းသူကျောင်းသားတစ်ဦးလျှင် တစ်မျိုးစီသင်ယူကြောင်းလက်ခံသည်။ ကျောင်းသူ ကျောင်းသားအားလုံးအတွက် မြင့်မြင့်မားမားထားသည့် မျှော်လင့်ချက်များ ပြည့်မီရန်၊ စိတ်ပါဝင်စားဖွယ် သင်ယူမှုဝန်းကျင် ဖန်တီးရန်နှင့် မျှော်လင့်ချက်ပြည့်မီနိုင်ရေး နည်းလမ်းပေါင်းစုံ သုံးခွင့်ပေးရန် အပါအဝင် ပြုလွယ်ပြောင်းလွယ်သောနည်းများဖြင့် သင်ယူရန် ကျောင်းသူကျောင်းသားများ လိုအပ်ကြောင်းကိုလည်း UDL က အသိအမှတ်ပြုပါသည်။

**ခုံကိုပြုလွယ်ပြောင်းလွယ်စီစဉ်ခြင်း**ဖြင့် ဆရာ/မတို့ ကွဲပြားခြားနားအောင် လုပ်ဆောင်နိုင်သည်။ ဥပမာ သင်ခန်းစာအချို့တွင် လုပ်ရည်ကိုင်ရည်မတူသည့် ကျောင်းသူကျောင်းသားများ အချင်းချင်းပံ့ပိုးလျက် ဆရာ/မက အုပ်စုဖွဲ့လုပ်ဆောင်စေကာ အခြား သင်ခန်းစာများအတွက်မူ ကျောင်းသူကျောင်းသားအားလုံးကို အဆင့်တစ်ဆင့်တည်းတွင် အတူတူသင်ယူစေလိုပေမည်။

ကျောင်းသူကျောင်းသားအချင်းချင်း အပြန်အလှန်ဆက်ဆံနိုင်ရန် စာသင်ခန်းပတ်ဝန်းကျင်က ပံ့ပိုးနိုင်ပုံကိုလည်း ဆရာ/မတို့ လေ့လာသုံးသပ်သင့်ပါသည်။ မြန်မာနိုင်ငံရှိစာသင်ခန်းများစွာမှာကဲ့သို့ ခုံရွှေ့ရန်အဆင်မပြေခဲ့လျှင်ပင် အထက်ပါပုံတွင် ပြထားသော လွယ်လွယ်ကူကူ ခုံစီနိုင်မည့် နည်းလမ်းတစ်ရပ်ကို ရှာကြံနိုင်ပါသည်။

**ဆွေးနွေးပါ**

သင်ယူမှုဝန်းကျင်ကို ကွဲပြားခြားနားစေသည့် ဥပမာများမှာ

- ဆိတ်ငြိမ်စွာ အလုပ်လုပ်နိုင်မည့် အခန်းတွင်းတစ်နေရာပေးခြင်း - မဖြစ်နိုင်လျှင် သင်ခန်းစာအတွင်း ကျောင်းသူကျောင်းသားများ ဆိတ်ငြိမ်စွာ အလုပ်လုပ်နိုင်မည့် အချိန်များ သတ်မှတ်ပေးသင့်ပါသည်။
- ကျောင်းသူကျောင်းသားများ ပူးပေါင်းလုပ်ဆောင်နိုင်မည့် အခွင့်အလမ်းနှင့်နေရာများ - ခုံကိုအသေချထားလျှင် အုပ်စုဖွဲ့ရန် ကျောင်းသူကျောင်းသားများ ဘယ်ဖက်ကိုလှည့်ရမည်ဖြစ်ကြောင်း သိနိုင်မည့် စနစ်တစ်ရပ် ချမှတ်နိုင်ပါမည်လား။
- ယဉ်ကျေးမှုမျိုးစုံ၊ အိမ်အခြေအနေမျိုးစုံကို ထင်ဟပ်သည့် ပစ္စည်းအရင်းအမြစ်များထည့်ထားခြင်း - အတန်းတွင်းနှင့် ဖတ်စာအတွင်း မိမိဝေမျှပေးသည့် သာဓကများက တပည့်အားလုံးကို ကိုယ်စားပြုမပြု ထောက်ရှုပါ။
- ဆရာ/မက အခြားကျောင်းသူကျောင်းသားများကိုကူညီနေစဉ် မိမိတို့ကို ချက်ချင်းမကူနိုင်သေးလျှင် အကူအညီ တောင်းနိုင်သည့် လုပ်ငန်းစဉ်များချမှတ်ခြင်း - 'မိမိမတိုင်မီသုံးယောက်'နည်းဖြင့် ဆရာ/မကို မမေးမီ သူငယ်ချင်း သုံးယောက်ထံမှ အကူအညီတောင်းရန် ဖြစ်ပါသည်။
- ကျွန်ုပ်တို့အားလုံးသည် နည်းအမျိုးမျိုးဖြင့် သင်ယူလိုကြောင်း ကျောင်းသူကျောင်းသားများနားလည်ရန် ကူညီပါ။ အချို့သင်ယူသူများသည် သင်ယူရန်အတွက် လှုပ်ရှားသွားလာရန်လိုအပ်ပြီး အချို့မှာမူ တိတ်ဆိတ်စွာ ထိုင်လို ကြသည်။
- စာသင်ခန်းနှင့် ကျောင်းတွင်းနံရံများတွင် ကျောင်းသူကျောင်းသားများ လုပ်ထားသည်များ ပြသထားခြင်း

## ၄. သင်ယူမှုရလဒ်များကို ကွဲပြားခြားနားစေခြင်း

သင်ရိုးပိုင်း ၃ တွင် SMART နည်းသုံးပြီး အားလုံးအကျုံးဝင်သင်ယူမှုရလဒ်စီစဉ်ရေး ဦးတည်ဆွေးနွေးခဲ့ပြီ။ စကားလုံး အပြည့် အစုံကို သိပါသလား။

S M A R T

လူမှုသိပ္ပံ/သိပ္ပံ/ပထဝီသင်ခန်းစာအတွက် သင်ယူမှုရလဒ် ဥပမာနှစ်ခုကိုကြည့်ပါ။

| **သင်ယူမှုရလဒ် ၁**<br>တိုက်ကြီးများနှင့် သမုဒ္ဒရာများအကြောင်း သိရန် | **သင်ယူမှုရလဒ် ၂**<br>ကမ္ဘာ့တိုက်ကြီး(၇)ခုနှင့် သမုဒ္ဒရာ(၅)စင်းကို အမည်တပ်၊ နေရာမှတ်ရန် |
|---|---|
| ကျောင်းသူကျောင်းသားဖြစ်စေ၊ ဆရာ/မဖြစ်စေ အဓိပ္ပါယ်ရှိရှိ သင်ကြား တတ်မြောက်ခြင်း ရှိမရှိ သိရန်ခက်ခဲပါမည်။ | **တိကျသည် (Specific)** – '၇ ခုကိုအမည်တပ်၊ နေရာမှတ်'ဟုဆိုခြင်းက ကျောင်းသူကျောင်းသားများ ဘာကိုတိတိကျကျမျှော်မှန်းရမည်ကို သိစေပါသည်။<br>**တိုင်းတာနိုင်သည်(Measurable)** - ကျောင်းသူကျောင်းသားရော ဆရာ/မပါ သင်ယူမှုဦးတည်ချက် ပြည့်မီခြင်းရှိမရှိ သိနိုင်ပါသည်။<br>**ပေါက်မြောက်အောင်မြင်နိုင်သည် (Achievable)**- သင်ယူမှုဦးတည်ချက်က ပုံသေမဟုတ်သောကြောင့် ထိထိရောက်ရောက် ကွဲပြားခွဲခြားခွင့်ပေးပါသည်။<br>**လက်တွေ့ကျသည် (Realistic)** - ဤသင်ယူမှုဦးတည်ချက်ကို သုံးနိုင်ပါသည်။<br>**အချိန်သတ်မှတ်ထားသည် (Time-related )** - သင်ခန်းစာအပြီး ကျောင်းသူကျောင်းသားများ တတ်မြောက်ရန်လိုအပ်ပါသည်။ |

အားလုံး၊ အများစု နှင့် အချို့ ဟူသော စကားလုံးများကို သင်ယူမှုဦးတည်ချက်အတွက် သုံးခြင်းဖြင့် ပိုမိုကွဲပြားခွဲခြား စေနိုင်ပါမည်။ ဥပမာတွင် **အားလုံး**အတွက် သင်ယူမှုဦးတည်ချက်က ရရှိရန်အလွယ်ဆုံးဖြစ်ကြောင်း သတိပြုပါ။

- ကျောင်းသူကျောင်းသား**အားလုံး** - ကမ္ဘာ့တိုက်ကြီး(၇)ခုနှင့် သမုဒ္ဒရာ(၅)စင်းကိုအမည်တပ်၊ နေရာမှတ်ရန် (တိုက်ကြီးများ၊ သမုဒ္ဒရာများကို မြေပုံပေါ်ထောက်ပြပြီး အမည်တပ်ခေါ်နိုင်ရပါမည်)
- ကျောင်းသူကျောင်းသား**အများစု** - တိုက်ကြီးများ၊ သမုဒ္ဒရာများ၏ တည်နေရာကို ဆွေးနွေးနိုင်ရပါမည်။
- ကျောင်းသူကျောင်းသား**အချို့** - တိုက်ကြီးများ၊ သမုဒ္ဒရာများကို ဖော်ပြပြီး နှိုင်းယှဉ်နိုင်ရပါမည် - မည်သည့် ကမ္ဘာခြမ်းတွင်ရှိကြောင်း၊ ရာသီဥတု၊ အရွယ်အစား စသည်ဖြင့်

ယခင်အပိုင်းများတွင် ကျောင်းသူကျောင်းသားများက သင်ယူမှုဦးတည်ချက် ၁-ကိုဦးတည်လုပ်ဆောင်လျက် အကြောင်းအရာ၊ လုပ်ငန်းစဉ်နှင့် ရလဒ်တို့ကို ကွဲပြားခြားနားစေခဲ့ပြီ။ ဤနေရာတွင် ကျောင်းသူကျောင်းသားအုပ်စု သုံးစုမှ အောင်မြင်စွာ ရရှိနိုင်မည့် သင်ယူမှုဦးတည်ချက်ကို ကွဲပြားခြားနားစေခဲ့ပြီဖြစ်သည်။

သင်ယူမှုဦးတည်ချက် ၃ ခုစီစဉ်လျှင် ကျောင်းသူကျောင်းသားများအတွက် များလွန်းခြင်း၊ ရှုပ်ထွေးလွန်းခြင်းဖြစ်နိုင်ကြောင်း ဆုံးဖြတ်ကောင်း ဆုံးဖြတ်ပါလိမ့်မည်။

## လုပ်ဆောင်ချက် ၁၁.၁၂ - သင်ယူမှုရလဒ်များကို ကွဲပြားခြားနားစေခြင်း (၃၀ မိနစ်)

ဒေါ်အေးမြတ်သူ၏ အင်္ဂလိပ်သင်ခန်းစာ သင်ယူမှုရလဒ်ကို မည်ကဲ့သို့ ကွဲပြားခဲ့ခြားစေနိုင်ပါမည်နည်း။




| | | |
|---|---|---|
| အုပ်စု ၁- **ဆရာမနှင့်လုပ်ရန်** -ယခင် သင်ခန်းစာမှ နှုတ်ခွန်းဆက်ခြင်းကို ပြန်နွှေးပြီး စကားစုများကို လိုက်ဆိုပါမည်။ သဏ္ဍာန်တူ လုပ်ဆောင်ပြီး နေရာတကျ နှုတ်ခွန်းဆက်ကြမည်။ **ဆရာမက မေး**ပြီး **ကျောင်းသူကျောင်းသားများ ဖြေဆို**ကြပါသည်။ | အုပ်စု ၂ - **အုပ်စုလိုက်** သဏ္ဍာန်တူ သရုပ်ဆောင်လျက် **အမေးအဖြေ** လုပ်ကြပါမည်။ ယခင်သင်ခန်းစာမှ အခြားစကားစုများဖြင့် နှုတ်ခွန်းဆက်နည်းကို ဆရာမကပြန်နွှေးပေးပါသည်။ | အုပ်စု ၃- မေးခွန်းကိုဖြေဆိုရန် **ဆရာလွတ်**စူးစမ်းလုပ်ဆောင်ကြကာ ခံစားချက်ထည့်ပြီး နောက်တစ်မျိုး **တုံ့ပြန်ခြင်း၊ အကြောင်းပြခြင်း**များ ပြုကြသည်။ ဥပမာ ဒီနေ့ဖွားဖွားနဲ့ တွေ့မှာဆိုတော့ စိတ်လှုပ်ရှား နေတယ်။ |

၁. အားလုံး၊ အများစု၊ အချို့ ဟူသောဝေါဟာရများသုံးပြီး သင်ယူမှုဂျာနယ်တွင် ကွဲပြားခဲ့ခြားသည့် သင်ယူမှုရလဒ်(၃)ခု ရေးသားပါ။

လုပ်ငန်းဖော်တစ်ဦးနှင့် ဆွေးနွေးပြီး သဘောတူမတူ စူးစမ်းပါ။

**အားလုံး –**

**အများစု –**

**အချို့ –**

၂. မိမိဘာသာရပ်သင်ခန်းစာအတွက် ကွဲပြားခဲ့ခြားသည့် သင်ယူမှုရလဒ်(၃)ခု ရေးသားပါ။ မိတ်ဆွေတစ်ဦး လုပ်ငန်းဖော်တစ်ယောက်ကို ပေးပြီး ပြန်စီ၍ရမရ ဆန်းစစ်ပါ။

### လုပ်ဆောင်ချက် ၁၁.၁၂ - ကွဲပြားခဲ့ခြားသည့်သင်ယူမှုရလဒ်များအတွက် အကြံပြုချက်

| အားလုံး | အများစု | အချို့ |
|---|---|---|
| **ကျောင်းသူကျောင်းသားအားလုံး -** အင်္ဂလိပ်ဘာသာဖြင့်(၃)မျိုး နှုတ်ဆက်နိုင်ရမည်။ | **ကျောင်းသူကျောင်းသားအများစု -** (တစ်နေ့တာ အချိန်အရ) အင်္ဂလိပ်ဘာသာဖြင့် အသင့်တော်ဆုံး နှုတ်ဆက်နည်းကို ရွေးချယ်ကာ နေကောင်းမကောင်း မေးမြန်းနိုင်ရမည်။ | **ကျောင်းသူကျောင်းသားအချို့ -** သင်ထားသည့် အင်္ဂလိပ်စကားစုများဖြင့် နှုတ်ခွန်းဆက်စကား (အမေးအဖြေ) စမ်းသပ် ပြောဆိုနိုင်ရမည်။ |
| ဘလွမ်းဇယား **မှတ်မိခြင်း –** မှတ်သားထားသည့် စကားစုများကို ပြန်မှတ်မိခြင်း | ဘလွမ်းဇယား **နားလည်ခြင်းနှင့်အသုံးချခြင်း -** အချက်အလက်သစ်များကို ရွေးချယ်အသုံးချခြင်း | ဘလွမ်းဇယား **ခွဲခြမ်းစိတ်ဖြာပြီးဖန်တီးခြင်း -** ဝါကျစမ်းသပ်တည်ဆောက် ဖွဲ့စည်းခြင်း |

**မှတ်ချက် -**
သင်ယူမှုဦးတည်ချက် ချမှတ်ပြီးမှ သင်ခန်းစာ လုပ်ဆောင်ချက်၊ အရင်းအမြစ်များ ပြင်ဆင်ရမည်။ အရင်းအမြစ်၊ လုပ်ဆောင်ချက်များက သင်ယူမှုကို ဦးတည်စူးစိုက်ရန် လိုအပ်ပါသည်။




Image source: [https://www.flickr.com/photos/vandycft/29428436431](https://www.flickr.com/photos/vandycft/29428436431) (Creative Commons)

## ၅. ကွဲပြားခဲ့ခြားခြင်းဟူသည် မျှော်လင့်ချက်လျှော့ချခြင်းမဟုတ်

သင်ယူသူများအကြောင်းသိခြင်း၊ စဉ်ဆက်မပြတ်စစ်ဆေးအကဲဖြတ်ခြင်း၊ ပြုလွယ်ပြောင်းလွယ်အုပ်စုဖွဲ့ခြင်းတို့ဖြင့် ဆရာ/မများသည် ကျောင်းသူကျောင်းသားများနှင့်ကိုက်ညီအောင် ပြုပြင်သင်ကြားသည့်အခါ အကောင်းဆုံးရွေးချယ်နိုင်ပါသည်။

အလုပ်လုပ်နိုင်အောင်ဖန်တီးခြင်းသည် စိန်ခေါ်မှုကို လျှော့ချခြင်း မဟုတ်ပါ။ ကျောင်းသူကျောင်းသားအားလုံးပြီးအောင် လုပ်စေလိုသည့် အလုပ်တွင် စိန်ခေါ်မှုပါဝင်သင့်ပါသည်။

ယေဘုယျအားဖြင့် ပေါက်မြောက်အောင်မြင်မှုနည်းပါးခြင်းနှင့် ပညာရေးဆိုင်ရာသီးသန့်လိုအပ်ချက်များကြောင့်ဖြစ်ပေါ်လာသည့် အခက်အခဲတို့အကြား ခြားနားချက်ကို ဆရာ/မတို့ သိသင့်ပါသည် (သင်ရိုးပိုင်း ၁၂ တွင်ပိုမိုအသေးစိတ်ပါရှိသည်)။ အောင်မြင်မှု နည်းပါးမှုအားလုံးက ကျောင်းသူ/သားတစ်ဦး၏ သီးသန့်အခက်အခဲ၊ မျှော်လင့်ချက်နည်းပါးမှုတို့ကြောင့် မဟုတ်ပါ။ ထို ကျောင်းသူကျောင်းသား၏အခက်အခဲသည် ၎င်း၏သင်ယူမှုနှင့်အောင်မြင်မှုအတွက် အကြီးမားဆုံး အတားအဆီး ဖြစ်သွားနိုင် ပါသည်။ ဆရာ/မတို့ ပံ့ပိုးမှုက ကျွမ်းကျင်မှုဖွံ့ဖြိုးရေးနှင့် ဆရာလွတ်သင်ယူမှုတို့ကို အားပေးသင့်ပါသည်။

## ၆. နိဂုံး

ဤသင်ရိုးပိုင်းတွင် အောက်ပါတို့ကို သင် လုပ်ဆောင်ခဲ့ပါသည်။

၁. အားလုံးအကျုံးဝင်မှုကိုအထောက်အကူပြုသည့် ကွဲပြားခြားနားစေခြင်းကိုရှင်းပြခြင်း
၂. ကျောင်းသူကျောင်းသားများ ကွဲပြားခြားနားအောင် သင်ယူနည်းအဖုံဖုံကိုဖတ်ရှုခြင်း
၃. ရုပ်ပုံကားချပ်ဖြင့်စုစည်းမှု၊ အရေးအသားဘောင်နှင့် အခြားအာရုံအမျိုးမျိုးဖြင့်လုပ်ဆောင်ချက်စသည့် ကွဲပြားခြားနားစေမည့်နည်းများဖြင့် သင်ယူမှုကို ပံ့ပိုးနိုင်ပုံကို စူးစမ်းခြင်း
၄. မိမိ၏ကျောင်းသူကျောင်းသားများအတွက် ကွဲပြားခွဲခြားနည်းသုံးပြီး သင်ခန်းစာအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခြင်း
၅. ကွဲပြားခြားနားစေမည့် သင်ယူမှုရလဒ်များဖြင့် သင်ခန်းစာအစီအစဉ်ရေးခြင်း

### သင်ရိုးပိုင်းမှ အဓိကအချက်များ

- ထိထိရောက်ရောက်မေးခွန်းထုတ်ခြင်းဖြင့် ကွဲပြားခြားနားအောင်လုပ်ဆောင်နိုင်ပါသည် - ကျောင်းသူကျောင်းသားများ အကြောင်း ဆရာ/မတို့သိထားသည့်အပေါ် အခြေပြုလျက် အဖွင့်၊ အပိတ်၊ ကွဲပြားခြားနားသည့်မေးခွန်းများ မေးခြင်း ဖြစ်ပါသည်။
- အကြောင်းအရာကွဲပြားခြားနားစေရန် ဆရာ/မက သင်ခန်းစာတစ်ခု၏ ရည်ရွယ်ချက်ကိုစဉ်းစားပြီး ရည်ရွယ်ချက် ပြည့်မီအောင် ကျောင်းသူကျောင်းသားများ သင်ယူမည့်အကြောင်းအရာအတွက် ပြုလွယ်ပြောင်းလွယ်သော ရွေးချယ် စရာများကို ပေးပါသည်။
- လုပ်ငန်းစဉ်ကွဲပြားခြားနားမှုအရ ဆရာ/မတို့က ကျောင်းသူကျောင်းသားများသင်ယူပုံကိုခွဲခြားပေးပါသည်။
- ရလဒ်ကွဲပြားခြားနားမှုသည် ကျောင်းသူကျောင်းသားများကို မေးမြန်းသည့်အပေါ်လည်းကောင်း၊ လုပ်ဆောင်ချက်၏ ရလဒ်အပေါ်လည်းကောင်းမူတည်လျက် ကွဲပြားခြားနားစေခြင်းဖြစ်သည်။ ဥပမာ ပုံဆွဲခြင်း၊ သရုပ်ဆောင်ခြင်း၊ ရေးသားခြင်း
- စာသင်ခန်းဝန်းကျင်က သင်ယူမှုအပေါ် သက်ရောက်သောကြောင့် အခန်းဖွဲ့စည်းပုံသည်လည်း တစ်မျိုးတစ်မည် ကွဲပြား ခြားနားစေခြင်းတစ်မျိုး ဖြစ်နိုင်ပါသည်။
- ကျောင်းသူကျောင်းသားအားလုံး၏ လိုအပ်ချက်များကိုဖြည့်ဆည်းရာတွင် အရေးအသားဘောင်များကို သင့်တော်အောင် ပြင်ဆင်ထားလျှင် လုပ်ဆောင်ချက်ကို ကောင်းကောင်းကွဲပြားခြားနားစေနိုင်ပါသည်။
- သင်ကြားရာတွင် "အားလုံးအတွက်တစ်ပြေးညီ"ချဉ်းကပ်မှုဖြစ်လေ့ရှိသည်။ သို့သော် ကွဲပြားခြားနားမှုမှာမူ တရားမျှတ သော၊ ပြုလွယ်ပြောင်းလွယ်သော၊ စိန်ခေါ်မှုရှိသော၊ ကျောင်းသူကျောင်းသားများအား သင်ရိုးညွှန်းတမ်းတွင် အဓိပ္ပါယ်

ရှိရှိ စိတ်ပါဝင်စားလာစေသော သင့်တော်သည့် သင်ကြားမှုနှင့်စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများကို ဦးတည် စူးစိုက်ထားပါသည်။

- စာသားကိုဦးတည်လုပ်ဆောင်ချက် (DARTs)အရ အမှားအမှန်ရွေးချယ်စေပြီး နားလည်မှုစစ်ဆေးခြင်း၊ ဇာတ်လမ်းကို ရုပ်ပုံဖြင့်သရုပ်ဖော်ခြင်းအစရှိသည့် လုပ်ဆောင်ချက်များဖြင့် ကျောင်းသူကျောင်းသားအားလုံးအား သင်ယူစေနိုင် ပါသည်။
- ရုပ်သေပြသခြင်း၊ မေးခွန်းဝိုင်းမေးခြင်း၊ လူကောက်ကြောင်းပုံတွင်ဇာတ်ကောင်စရိုက်ဖော်ခြင်း (role on the wall) အစရှိသည့် ပူးပေါင်းဇာတ်လမ်းဆင်သည့် လုပ်ဆောင်ချက်များဖြင့် ဘာသာစကား/ဝေါဟာရကျွမ်းကျင်မှုကို တိုးတက် စေသည့် အခွင့်အလမ်းများ
- ကွဲပြားခြားနားအောင် စီစဉ်မှုကို 'အားလုံး၊ အများစု၊ အချို့' သို့မဟုတ် 'သိရမည်၊ သိသင့်သည်၊ သိနိုင်သည်'ဟူသည့် သင်ယူမှုရလဒ် အဆင့်သုံးဆင့်နှင့် တွဲသုံးနိုင်ပါသည် (သင်ရိုးပိုင်း ၃)။

## ပြန်လည်သုံးသပ်ချက်

ကျောင်းသူကျောင်းသားများအကြောင်းတွေးပါ။

- ခုံကိုရွှေ့လွယ်ပြောင်းလွယ်ဖြစ်အောင်စီထားလျှင် ၎င်းတို့ မည်သို့တုံ့ပြန်ပါမည်နည်း။
- သင်ယူမှုအတွက် ဆင်ခြင်တုံတရားဖြင့် ရွေးချယ်ရန် ကျောင်းသူကျောင်းသားများကို မည်ကဲ့သို့ တိုက်တွန်းနိုင်ပါ မည်နည်း။ ဥပမာ ဆရာ/မက အဆင့်ဆင့်သင်ကြားရန် ကျောင်းသူကျောင်းသားကို စာရွက်အချို့ပေးသည့်အခါ သင်ခန်းစာကို အကောင်းဆုံးသင်ယူရန်အထောက်အကူပြုနိုင်မည့် စာရွက်ကို ရွေးချယ်တတ်ပါမည်လား။
- သင်ယူတတ်မြောက်သွားခြင်းမရှိဟု ခံစားရသည့်ကျောင်းသူကျောင်းသားများ ရှိပါသလား။ သင်ခန်းစာအတွင်း ၎င်းတို့ မည်သည်ကိုလုပ်ဆောင်ပြီး သင်က မည်သည့်နည်းဖြင့် ၎င်းတို့ကိုအောင်မြင်စေနိုင်ပါမည်နည်း။

## ၇. သင်ရိုးပိုင်း ၁၁ - အဆုံးသတ်ပဟေဠိ

အောက်ပါမေးခွန်းများကို သင်ယူမှုဂျာနယ်တွင်ဖြေကြားပါ။ ရာနှုန်းပြည့် အောင်မြင်ရန် ကြိုက်သလောက် အကြိမ်ရေများများ ဖြေဆိုနိုင်ပါသည်။ အချို့မေးခွန်းအတွက်အဖြေတစ်ခုထက်ပိုပါသည်။

မေးခွန်း ၁ - ကျောင်းသူကျောင်းသားအားလုံးအကျိုးဝင်စေမည့် အဓိကအချက်သုံးချက်မှာ (၁ ခု ရွေးပါ)

က) ပူးပေါင်းမှု၊ ပါဝင်မှုနှင့် ကွဲပြားခြားနားစေမှု

ခ) တက်ရောက်မှု၊ ပါဝင်မှုနှင့် အောင်မြင်မှု

ဂ) ထိထိရောက်ရောက် မေးခွန်းမေးမှု၊ အဆင့်ဆင့်သင်ယူမှုနှင့် ပူးတွဲဆောင်ရွက်မှု

မေးခွန်း ၂ - အောက်ပါနည်းများဖြင့် ကွဲပြားခြားနားအောင်သင်ကြားနိုင်ပါသည်။ (၂ ခု ရွေးပါ)

က) သင်ခန်းစာသင်ပုံကို သင့်တော်အောင်ပြုပြင်ပြောင်းလဲခြင်း

ခ) ကျောင်းသူကျောင်းသားအားလုံး သံပြိုင်လိုက်ဆို ဖြေဆိုစေခြင်း

ဂ) မသင်ကြားမီ ကျောင်းသူကျောင်းသားများကို စစ်ဆေးအကဲဖြတ်ခြင်း၊ ၎င်းတို့လိုအပ်ချက်များကို ပြည့်မီအောင် လုပ်ဆောင်ချက်ကို စီစဉ်ခြင်း

ဃ) သင်ခန်းစာတိုင်း လုပ်ဆောင်ဖွယ်တစ်ခုတည်းကို ကျောင်းသူကျောင်းသားများအားလုံးလုပ်စေခြင်း

မေးခွန်း ၃ - အတန်းတွင်းကျောင်းသူကျောင်းသားအရေအတွက်သည် အုပ်စုဖွဲ့လုပ်ဆောင်ချက်အောင်မြင်မှုအပေါ် သက်ရောက်သည်။ (၂ ခု ရွေးပါ)

က) ကျောင်းသူကျောင်းသားများအတွက် ရှုပ်ထွေးလွန်းသောကြောင့် အုပ်စုဖွဲ့လုပ်ဆောင်မှုမပြုပါနှင့်။

ခ) အုပ်စုအရွယ်အစားနှင့် အုပ်စုတွင်း ကျောင်းသူကျောင်းသားတစ်ဦးချင်းအကြောင်းတွေးပါ။

ဂ) ကျောင်းသူကျောင်းသားများသည် အုပ်စုဖွဲ့လုပ်ဆောင်ချက်တွင် အခက်ကြုံလျှင် စိတ်ကြိုက်အုပ်စုဖွဲ့ပါစေ။

ဃ) အုပ်စုဖွဲ့လုပ်သည့်အတွေ့အကြုံသိပ်မရှိလျှင် အုပ်စုငယ်များနှင့်စပြီး နောက်မှ ချဲ့ထွင်ပါမည်။

မေးခွန်း ၄ - အောက်ပါတို့သည်စာကိုဦးတည်သောလုပ်ဆောင်ချက်(DARTs) ဥပမာများဖြစ်ပါသည်။ (၂ ခုရွေးပါ)

က) နားလည်မှုစစ်ဆေးမည့် အမှန်/အမှားအဆိုများ

ခ) ဇာတ်လမ်းကို ရုပ်ပုံဖြင့်သရုပ်ဖော်ခြင်း

ဂ) မေးခွန်းဝိုင်းမေးခြင်း

ဃ) ရုပ်သေ

မေးခွန်း ၅ - ရုပ်ပတ်ဝန်းကျင်တွင် ကွဲပြားခြားနားမှုကိုအောက်ပါနည်းဖြင့်လုပ်ဆောင်နိုင်ပါသည်။

က) ကျောင်းသူကျောင်းသားများအတူတူလုပ်နိုင်စေရန် ခုံစီခြင်း

ခ) ကျောင်းသူကျောင်းသားများအုပ်စုဖွဲ့ထိုင်ရန် ခုံစီထားပြီး သင်ခန်းစာအတွင်း အပြန်အလှန်ပြောဆို ဆွေးနွေးမှုများ ခွင့်မပြုခြင်း

ဂ) ကျောင်းသူကျောင်းသားများအတန်းလိုက်ထိုင်စေပြီး အပြန်အလှန်ပြောဆိုခွင့်မပြုခြင်း

ဃ) ကျောင်းသူကျောင်းသားများအတန်းလိုက်ထိုင်စေပြီး နေရာသတ်မှတ်ပေးခြင်း

## သင်ရိုးပိုင်း ၁၁ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးအမည်းရင့်**ဖြင့်ပေးထားသည်။

မေးခွန်း ၁ - ကျောင်းသူကျောင်းသားအားလုံးအကျိုးဝင်စေမည့် အဓိကအချက်သုံးချက်မှာ (၁ ခု ရွေးပါ)

က) ပူးပေါင်းမှု၊ ပါဝင်မှုနှင့် ကွဲပြားခြားနားစေမှု

**ခ) တက်ရောက်မှု၊ ပါဝင်မှုနှင့် အောင်မြင်မှု**

ဂ) ထိထိရောက်ရောက် မေးခွန်းမေးမှု၊ အဆင့်ဆင့်သင်ယူမှုနှင့် ပူးတွဲဆောင်ရွက်မှု

မေးခွန်း ၂ - အောက်ပါနည်းများဖြင့် ကွဲပြားခြားနားအောင်သင်ကြားနိုင်ပါသည်။ (၂ ခု ရွေးပါ)

**က) သင်ခန်းစာသင်ပုံကို သင့်တော်အောင်ပြုပြင်ပြောင်းလဲခြင်း**

ခ) ကျောင်းသူကျောင်းသားအားလုံး သံပြိုင်လိုက်ဆို ဖြေဆိုစေခြင်း

**ဂ) မသင်ကြားမီ ကျောင်းသူကျောင်းသားများကို စစ်ဆေးအကဲဖြတ်ခြင်း၊ ၎င်းတို့လိုအပ်ချက်များကို ပြည့်မီအောင် လုပ်ဆောင်ချက်ကို စီစဉ်ခြင်း**

ဃ) သင်ခန်းစာတိုင်း လုပ်ဆောင်ဖွယ်တစ်ခုတည်းကို ကျောင်းသူကျောင်းသားများအားလုံးလုပ်စေခြင်း

မေးခွန်း ၃ - အတန်းတွင်းကျောင်းသူကျောင်းသားအရေအတွက်သည် အုပ်စုဖွဲ့လုပ်ဆောင်ချက်အောင်မြင်မှုအပေါ် သက်ရောက်သည်။ (၂ ခု ရွေးပါ)

က) ကျောင်းသူကျောင်းသားများအတွက် ရှုပ်ထွေးလွန်းသောကြောင့် အုပ်စုဖွဲ့လုပ်ဆောင်မှုမပြုပါနှင့်။

**ခ) အုပ်စုအရွယ်အစားနှင့် အုပ်စုတွင်း ကျောင်းသူကျောင်းသားတစ်ဦးချင်းအကြောင်းတွေးပါ။**

ဂ) ကျောင်းသူကျောင်းသားများသည် အုပ်စုဖွဲ့လုပ်ဆောင်ချက်တွင် အခက်ကြုံလျှင် စိတ်ကြိုက်အုပ်စုဖွဲ့ပါစေ။

**ဃ) အုပ်စုဖွဲ့လုပ်သည့်အတွေ့အကြုံသိပ်မရှိလျှင် အုပ်စုငယ်များနှင့်စပြီး နောက်မှ ချဲ့ထွင်ပါမည်။**

မေးခွန်း ၄ - အောက်ပါတို့သည်စာကိုဦးတည်သောလုပ်ဆောင်ချက်(DARTs) ဥပမာများဖြစ်ပါသည်။ (၂ ခုရွေးပါ)

**က) နားလည်မှုစစ်ဆေးမည့် အမှန်/အမှားအဆိုများ**

**ခ) ဇာတ်လမ်းကို ရုပ်ပုံဖြင့်သရုပ်ဖော်ခြင်း**

ဂ) မေးခွန်းဝိုင်းမေးခြင်း

ဃ) ရုပ်သေ

မေးခွန်း ၅ - ရုပ်ပတ်ဝန်းကျင်တွင် ကွဲပြားခြားနားမှုကိုအောက်ပါနည်းဖြင့်လုပ်ဆောင်နိုင်ပါသည်။

**က) ကျောင်းသူကျောင်းသားများအတူတူလုပ်နိုင်စေရန် ခုံစီခြင်း**

ခ) ကျောင်းသူကျောင်းသားများအုပ်စုဖွဲ့ထိုင်ရန် ခုံစီထားပြီး သင်ခန်းစာအတွင်း အပြန်အလှန်ပြောဆို ဆွေးနွေးမှုများ ခွင့်မပြုခြင်း

ဂ) ကျောင်းသူကျောင်းသားများအတန်းလိုက်ထိုင်စေပြီး အပြန်အလှန်ပြောဆိုခွင့်မပြုခြင်း

**ဃ) ကျောင်းသူကျောင်းသားများအတန်းလိုက်ထိုင်စေပြီး နေရာသတ်မှတ်ပေးခြင်း**

ရှင်းလင်းချက် - ခုံစီပြီးသင်ခန်းစာအတွင်းကျောင်းသူကျောင်းသားများစကားပြောခွင့်မပေးလျှင် ကျောင်းသူကျောင်းသား အချင်းချင်း အလုပ်အတူလုပ်ခြင်း၊ ပံ့ပိုးခြင်းများ မလုပ်နိုင်သောကြောင့် အားလုံးအကျိုးဝင်အောင်ခုံစီထားခြင်း မဟုတ်ပါ။ ကျောင်းသူကျောင်းသားများအား နေရာသတ်မှတ်ပေးခြင်းဖြင့် အချို့ကိုအတူထိုင်စေကာ နှစ်ယောက်တွဲ ဆွေးနွေးချက်များဖြင့် အချင်းချင်း ပံ့ပိုးစေနိုင်ပါမည်။

## ၈. သင်ကြားသင်ယူရေးကို ပိုမိုကောင်းမွန်တိုးတက်စေခြင်း

### လုပ်ဆောင်ချက် ၁၁.၁၃ - မိမိကိုယ်တိုင်၏ သင်ကြားရေးအလေ့အကျင့်ကို ပိုမိုကောင်းမွန်တိုးတက်စေခြင်း (၃၀ မိနစ်)

စာစောပိုင်းကလုပ်ခဲ့သည့် လုပ်ဆောင်ချက်အဖြေများကို ပြန်လည်သုံးသပ်ရန် အရေးကြီးပါသည်။

အခင်းအကျင်း - မိမိသင်ကြားသည့် ကျောင်းသူကျောင်းသားတစ်ဦးချင်းနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပုံကို သင့်ဌာနမှူးက တွေ့ဆုံ မေးမြန်းလိုပါသည်။ **အောက်ပါအဆိုကိုဖြည့်စေပါသည်။** သင်ယူမှုဂျာနယ်တွင် မှတ်စုရေးပါ။

၁. မိမိအတန်းတွင်း ကွဲပြားခြားနားမှုကို ဖော်ဆောင်/တိုးတက်စေရန် အောက်ပါ အချက်သုံးချက်ကိုလုပ်ဆောင်ပါမည်။

   ၁. ...

   ၂. ...

   ၃. ...

### လုပ်ဆောင်ချက် ၁၁.၁၄ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်သုံးသပ်ချက် - **မိမိသင်ကြားသည့်ကျောင်းသူကျောင်းသားအားလုံး၏ လိုအပ်ချက်ကိုပြည့်မီနိုင်စေရန် သင်ကြားရေးကို သင့်တော်အောင်ပြုပြင်ရာတွင်** မည်မျှကောင်းကောင်းလုပ်နိုင်သည်ဟုထင်ပါသနည်း။ အောက်ပါစကေးမှ မိမိကို အကောင်းဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှုဂျာနယ်မှာဖြေဆိုပါ။




ဤသင်ရိုးပိုင်းအစ ပထမအကြိမ်စစ်ဆေးမှုမှ ရမှတ်နှင့် ဤအမှတ်ကို **နှိုင်းယှဉ်ပါ။** ခြားနားမှုရှိခဲ့လျှင် ပိုင်းခြားစိတ်ဖြာသုံးသပ်မှု အတိုတစ်ခုကို သင်ယူမှုဂျာနယ်တွင်ရေးပါ။

# မိမိ၏ကျောင်းသူ/သားများအတွက် ၁၁ ခုမြောက်ကတိ

1. **စီစဉ်ပါ** — စာသင်ခန်းအတွင်း ဤသင်ရိုးပိုင်းမှ မိမိသုံးမည့် အားလုံးအကျုံးဝင် အလေ့အကျင့် အတွေးအမြင်တစ်ခုအကြောင်းကို **စဉ်းစားပါ**။
2. **လုပ်ဆောင်ပါ** — အားလုံးအကျုံးဝင်အလေ့အကျင့်ကို နောက် 'x'အပတ်အတွင်း တိုးတက်အောင်လုပ်မည်ဟု မိမိ၏ကျောင်းသူ/သားများကို **ကတိပေးပါ**။
3. **ပြန်လှန်သုံးသပ်ပါ** — 'x' အပတ်အတွင်း မိမိ၏အတွေးအမြင်များကြောင့် အလေ့အကျင့် တိုးတက်လာခြင်း ရှိမရှိ ကျောင်းသူ/သားနှင့်အတူ **သုံးသပ်အကဲဖြတ်ပါ**။

**သင်ယူမှုဂျာနယ်ရှိ 'ကတိများ'အပိုင်းတွင် သင့် ၁၁ ခုမြောက်ကတိကို ထည့်လိုက်ပါ။**

**သင်ရိုးပိုင်းတစ်ပိုင်းစီတွင် ကျောင်းသူကျောင်းသားများထံပေးသည့် ကတိတစ်ခုစီရှိပါမည်။ စုစုပေါင်း ကတိ ၁၅ ခု ပေးရပါမည်။**

## နောက်ဆက်တွဲ ၁ - ကွဲပြားခြားနားစေခြင်း - မီရှဲလ်ဟီးလ်

ကွဲပြားခြားနားစေခြင်းဟူသည် အဘယ်နည်း။

### မဟုတ်သည့်အချက်

ကျောင်းသူကျောင်းသားတစ်ဦးချင်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် တစ်ဦးချင်းသင်ကြား'ကုစား'ပေးရမည်ဟု စာရေးသူက ထင်မြင်ခဲ့ပါသည်။ သို့ရာတွင် အောက်ပါတို့သည် ကွဲပြားခြားနားအောင်သင်ကြားခြင်းမဟုတ်ပါ။

### ၁. တစ်ဦးချင်းသင်ကြားခြင်းမဟုတ်ပါ

စာသင်ခန်းထဲ ကျောင်းသူကျောင်းသားတစ်ဦးချင်းကို ရံဖန်ရံခါ သင်ကြားမည်ဖြစ်သော်လည်း ယင်းသည် ကွဲပြားခြားနားစေမည့် စာသင်ခန်း၏ရည်ရွယ်ချက် မဟုတ်ပါ။ ကွဲပြားခြားနားအောင်သင်ကြားသင်ယူရာတွင် တစ်ဦးချင်း၊ အုပ်စုငယ်၊ တစ်တန်းလုံး သင်ကြားရေးကို ပေါင်းစည်းထားပါသည်။ တစ်တန်းလုံး(သို့)အုပ်စုခွဲပြီးသင်ကြားသည့်အခါ ကျောင်းသူကျောင်းသားတစ်ဦးချင်း လိုအပ်ချက်ကိုမပြည့်စေနိုင်ဟု ထင်မြင်ကြပါသည်။ သို့သော် နောက်ဆက်တွဲအဖြစ် ကျွမ်းကျင်မှုကိုမြှင့်တင်ပေးသည့် ကွဲပြားခြားနားစေမည့်လုပ်ဆောင်ချက်များအားဆောင်ရွက်လျှင် အုပ်စုငယ်နှင့်တစ်တန်းလုံးသင်ကြားရေးသည် အလွန်အောင်မြင်နိုင်ပါသည်။

### ၂. လုံးဝလွတ်လပ်စွာရွေးချယ်မှုဖြစ်သည်

ကျောင်းသူကျောင်းသားများသည် သင်ကြားရေးတွင် ဝင်ပြောခွင့်ရှိသော်လည်း အကြောင်းအရာနှင့်သင်ရိုးကို မရွေးချယ်ပါ။ ကွဲပြားခြားနားအောင် သင်ယူမှုတွင် ကျောင်းသူကျောင်းသားတို့ရွေးချယ်မှုပါဝင်သော်လည်း ကျောင်းသူကျောင်းသားတို့ စံသတ်မှတ်ချက်များကိုပြည့်မီအောင် ဆရာ/မတို့တွင် တာဝန်ရှိသောကြောင့် ကျောင်းသူကျောင်းသားတို့ရွေးချယ်မှုအတွက် စည်းဘောင်များ သတ်မှတ်ပေးရပါသည်။

### ၃. နည်းခြင်းများခြင်းမဟုတ်

ဆရာ/မအများစုက ကျောင်းသူကျောင်းသားတို့လုပ်နိုင်စွမ်းအပေါ်မူတည်လျက် လုပ်စရာများ ချိန်ဆပေးခြင်းဟု ထင်မြင်ကြပါသည်။ များများလုပ် တိုင်းလည်း ပိုမကောင်းနိုင်ပါ။ ကျောင်းသူကျောင်းသားတို့ ဖွံ့ဖြိုးနိုင်ချေပြည့်မီနိုင်မည့် လုပ်စရာကိုင်စရာများကို ပြောင်းလဲပေးခြင်းက အကောင်းဆုံးနည်းဖြစ်သည်။

### ကွဲပြားခြားနားခြင်းဟူသည်မှာ

ကွဲပြားခြားနားအောင်သင်ကြားရေးက ကျောင်းသူကျောင်းသားတို့ သင်ရိုးညွှန်းတမ်းကို ညီတူညီမျှနှင့် သင့်တော်စွာ သင်ယူနိုင်မည့် အတန်းတွင်း သင်ကြားနည်းအဖုံဖုံ၊ စစ်ဆေးအကဲဖြတ်နည်းအစုံစုံ လမ်းကြောင်းအသီးသီးဖြင့် သင်ကြားခြင်းဖြစ်ကြောင်း စာရေးသူ သိရပါပြီ။

ကွဲပြားခြားနားသင်ကြားနည်းဟူသည်

၁. ... မိမိမှ စတင်လုပ်ဆောင်ရမည်

ကျောင်းသူကျောင်းသားတို့၏သင်ယူမှုလိုအပ်ချက်များကိုကြိုတွေးပြီး သင်ခန်းစာကိုကိုက်ညီအောင် ပြင်ဆင်ထားရမည်။ အတန်းထဲ ကျောင်းသူကျောင်းသားတိုင်းကို စိန်ခေါ်နိုင်လောက်သည့် သင်ယူမှုအခွင့်အလမ်းများရှိရမည်ဖြစ်သလို ကျောင်းသူကျောင်းသားတို့မနိုင်မနင်းဖြစ်ပြီး စိတ်ပျက်လက်ပျက်ဖြစ်ကာ ဘာမျှမထွက်တော့လောက်အောင်လည်း မခက်ခဲလွန်းရပါ။

### ၂. … မကြာခဏ အုပ်စုဖြင့်လုပ်စေသော်လည်း အမြဲတမ်းမဟုတ်

ကျောင်းသူကျောင်းသားတို့ကို အမျိုးအစားမတူအောင်စုခြင်းသည် အမျိုးတူစုထားခြင်းထက်ပိုမိုထိရောက်သည့် ကွဲပြားခြားနားရေးဗျူဟာ တစ်ခုဖြစ်ပါသည်။ လုပ်ဆောင်ချက်များအတွင်း ကျောင်းသူကျောင်းသားများ၏ အားသာချက်နှင့်အားနည်းချက်နှစ်မျိုးလုံးသည် ၎င်းတို့အားလုံးကို အကျိုးဖြစ်စေနိုင်ပါမည်။ တစ်တန်းလုံးသင်ကြားမှုက ပိုမိုထိရောက်သည့်အချိန်များရှိပြီး ကျောင်းသူကျောင်းသားတို့လိုအပ်ချက်များနှင့် ကိုက်ညီအောင် စီစဉ်ထားသည့် အုပ်စုငယ်(သို့)တစ်ယောက်ချင်း လုပ်ဆောင်ချက်များကို နောက်ဆက်တွဲအဖြစ်လုပ်ဆောင်နိုင်ပါသည်။

### ၃. သင်ယူပြီး အဆုံးသတ်စစ်ဆေးအကဲဖြတ်မှုမဟုတ်ပဲ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းမျှသာဖြစ်ပါသည်

ကွဲပြားခြားနားသည့်စာသင်ခန်းတွင် မည်သူကတတ်မြောက်ကြောင်း ယူနစ်အဆုံးတိုင် စောင့်ကြည့်မနေပါ။ သင်နေစဉ်မှာပင် တောက်လျှောက်စစ်ဆေးနေသင့်ပါသည်။ ကျောင်းသူကျောင်းသားတိုင်း၏အလားအလာကို အကောင်းဆုံးသုံးသည့်၊ အားနည်းချက်များကိုလည်း ၎င်းတို့ပေါ်လာသည့်အလျောက်ဂရုစိုက်ပေးနိုင်သည့် သင်ခန်းစာများကို ဆရာ/မများ စီစဉ်ရေးဆွဲပြီး သင့်တော်အောင် ပြင်ဆင်စေနိုင်ပါမည်။

### ၄. လုပ်ဆောင်ချက်အမျိုးမျိုး၊ စစ်ဆေးအကဲဖြတ်မှုအဖုံဖုံ ရှိသင့်ပါသည်

သင်ကြားမှုတစ်ပြေးညီမဖြစ်သင့်ဘဲ အဆင့်အသီးသီးမှ ကျောင်းသူကျောင်းသားအားလုံး တတ်မြောက်သွားကြောင်း ပြသစေနိုင်မည့် လုပ်ဆောင်ချက်အမျိုးမျိုး၊ စစ်ဆေးအကဲဖြတ်မှုအဖုံဖုံ ရှိသင့်ပါသည်။ ကျောင်းသူကျောင်းသားတစ်ဦးချင်း၏ လိုအပ်ချက်နှင့် ကိုက်ညီအောင်ဆောင်ရွက်ထားသည့် အဓိပ္ပါယ်ရှိသော စစ်ဆေးအကဲဖြတ်မှုများကို ဖန်တီးရာတွင် ရှင်းလင်းသည့် ရည်ရွယ်ချက်များက အထောက်အကူပြုပါလိမ့်မည်။

### ၅. ကျောင်းသူကျောင်းသားဗဟိုပြုသင့်ပါသည်

ထိရောက်သောသင်ယူမှုအတွေ့အကြုံများသည် ကျောင်းသူကျောင်းသားတို့၏ စိတ်ပါဝင်စားမှုအပေါ်အခြေပြုပြီး သက်ဆိုင်သည့် စိတ်ဝင်စားဖွယ်လုပ်ဆောင်ချက်များဖြင့် ပါဝင်သည်မှာ အများအသိပင်ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားတို့ သင်ယူတတ်မြောက်မှုအခြေခံမတူညီသည့်အပေါ် အခြေပြုလျက် ဆရာ/မများက ကွဲပြားခြားနားအောင် သင်ကြားပေးပါသည်။ ကျောင်းသူကျောင်းသားတို့ အမြင့်မားဆုံးတိုးတက်နိုင်ရန် ကျောင်းသူကျောင်းသားတို့ကို ပြောရေးဆိုခွင့်ပေးသည့်နည်းတူ လုပ်ဆောင်ချက်/စစ်ဆေးအကဲဖြတ်မှုများကိုလည်း သင့်တော်အောင် ပြုပြင်ပြောင်းလဲကြပါသည်။

## နောက်ဆက်တွဲ ၂ - DARTS အကြောင်းဆက်လက်ဖတ်ရှုရန် - ဗြိတိသျှကောင်စီ

### **စာနှင့်ဆက်နွယ်သည့်တိုက်ရိုက်လုပ်ဆောင်ချက်များ(DARTs)ဟူသည်အဘယ်နည်း။**

DARTs ဟူသည်မှာကျောင်းသူကျောင်းသားတို့အား စာနှင့်အပြန်အလှန်ဆက်ဆံစေသည့် လုပ်ဆောင်ချက်များဖြစ်သည်။ စာဖတ်နားလည်မှုကိုတိုးတက်စေကာ ဝေဖန်ပိုင်းခြားတတ်သည့် စာဖတ်သူများဖြစ်စေရန် ရည်သန်ပါသည်။ တစ်ဦးချင်း(သို့) အုပ်စုလိုက် လုပ်နိုင်ပါသည်။

### **DARTsအတွက်မည်သည့်လုပ်ဆောင်ချက်များသုံးနိုင်ပါသနည်း။**

DARTsကို **ပြန်လည်တည်ဆောက်ရေး (reconstruction)**နှင့် **ပိုင်းခြားစိတ်ဖြာရေး (analysis)လုပ်ဆောင်ချက်များ**ဟူ၍ နှစ်အုပ်စုခွဲနိုင်ပါသည်။

ပြန်လည်တည်ဆောက်ရေးတွင် စကားလုံး၊ စကားစု၊ ဝါကျများဖြင့် ကွက်လပ်ဖြည့်ခြင်း၊ စာအရောအနှောကို ဝါကျပြန်စီခြင်းတို့ လုပ်ဆောင်ရန်လိုအပ်ပါသည်။

**သုံးသည့်စာ** - ပြောင်းလဲထားသည့်စာ - မူရင်းစာကို ဆရာ/မကပြောင်းလဲထားပြီး စကားလုံး၊ စကားစု၊ ဝါကျများကို ထုတ်ထားခြင်း (သို့) အပိုင်းပိုင်းဖြတ်ထားခြင်းတို့ဖြစ်နိုင်ပါသည်။

## လုပ်ဆောင်ချက်အမျိုးအစား

ကွက်လပ်ဖြည့်ခြင်း (စကားလုံး၊စကားစု၊ ဝါကျများဖြင့်ဖြည့်ခြင်း)

ပြန်စီခြင်း (စာအရောအနှောကို ကျိုးကြောင်းညီညွတ်အောင်စီခြင်း (သို့)ကာလအစဉ်အတိုင်းပြန်စီခြင်း)

ပြန်စုခြင်း (အမျိုးအစားအလိုက်စာပြန်စုခြင်း)

ဇယားဖြည့်ခြင်း (အတိုင်နှင့်အတန်းတို့အတွက်ခေါင်းစဉ်များပါသည့် ဇယားတွင် တစ်ကွက်ချင်းစာဖြည့်ခြင်း၊ စာပါပြီးသား အကွက်များတွင် အတိုင်နှင့်အတန်းများအတွက် ခေါင်းစဉ်ဖြည့်ခြင်း)

ပုံပြဇယားဖြည့်ခြင်း (မပြည့်စုံသည့်ဇယားကိုဖြည့်ခြင်း၊ ပြည့်စုံသည့်ဇယားကိုအမည်တပ်ခြင်း)

ကြိုတင်မှန်းဆမှုလုပ်ဆောင်ချက်များ (စာနောက်တစ်ဆင့်၊ တစ်ပိုင်းကို (သို့) အဆုံးကိုရေးခြင်း)

## ပိုင်းခြားစိတ်ဖြာသည့်လုပ်ဆောင်ချက်များ

**ဖွင့်ဆိုချက် -** အချက်လက်များကို ရှာဖွေကာ စာ(သို့)ပုံပြဇယားအား အမှတ်အသားပြုခြင်း (သို့) အမည်တပ်ခြင်းဖြင့် အမျိုးအစား သတ်မှတ်စေသည့်လုပ်ဆောင်ချက်များ

**သုံးသည့်စာ -** ပြောင်းလဲမထားသည့်စာ

## လုပ်ဆောင်ချက်အမျိုးအစား

စာတွင် မှတ်သားခြင်း (သီးသန့် အဓိပ္ပါယ်တစ်ခု (သို့)အချက်အလက်တစ်ခု ပါရှိသည့်စာအပိုင်းများကို ရှာဖွေမျဉ်းသားခြင်း)

စာကို ပိုင်းခြားပြီးအမည်တပ်ခြင်း (စာကိုအဓိပ္ပါယ်ဆောင်သည့်အပိုင်းများခွဲခြားပြီး တစ်ပိုင်းချင်းအမည်တပ်ခြင်း)

ဇယားတည်ဆောက်ခြင်း (ဇယားဆွဲပါ။ ဇယားတွင်ပေးထားသည့်အချက်များကိုသုံးပြီး အတိုင်နှင့်တန်းခေါင်းစဉ်များနှင့် အကွက်များကို ဖြည့်ခြင်း)

ပုံပြဇယားတည်ဆောက်ခြင်း (စာ၏အဓိပ္ပါယ်ကို ရှင်းပြသည့် ပုံပြဇယားတစ်ခုဆွဲခြင်း၊ ဥပမာ ဖြစ်စဉ်ပြသည့်စာအတွက် စီးစင်းမှုပြဇယား၊ အမျိုးအစားခွဲပုံပြသည့်စာအတွက် ခက်ဖြာပုံပြဇယား ဆွဲပါ )

မေးခွန်းမေးခြင်း (ဆရာ/မ၏မေးခွန်းဖြေဆိုပါ သို့မဟုတ် စာအကြောင်းမေးခွန်းမေးပါ)

အနှစ်ချုပ်ခြင်း

## DARTs အတွက် မည်သည့်စာမျိုး သုံးနိုင်ပါသနည်း

အစဉ်အလာအရစာများဖြစ်သည့် ကဗျာများနှင့် ဝတ္ထုတို၊ လုံးချင်းဝတ္ထု၊ ပြဇာတ်များမှ ကောက်နုတ်ချက်များအပေါ် အခြေပြု နိုင်ပါသည်။ မဂ္ဂဇင်း၊ သတင်းစာ၊ လက်ကမ်းစာစောင်များမှ ကောက်နုတ်ချက်များ၊ သမိုင်း၊ ပထဝီနှင့်သိပ္ပံဖတ်စာများမှ စာပိုဒ်များကိုလည်းသုံးနိုင်ပါသည်။

## DARTsသုံးခြင်းဖြင့် မည်သည့်အားသာချက်များရှိပါသနည်း။

ကျောင်းသူကျောင်းသားများ စာနှင့်အပြန်အလှန်ဆက်ဆံမှုရှိသောအခါ စာဖတ်နားလည်မှု တိုးတက်လာပါမည်။

စာဖွဲ့စည်းပုံကိုလည်းပိုမိုသတိမူလာပါမည်။

စာကိုပိုမိုဝေဖန်ပိုင်းခြားတတ်စေပါသည်။ စာမှာပါသည့်အချက်၊ မပါသည့်အချက်များကိုလည်းမေးခွန်းစတင်ထုတ်ကြပါသည်။

စာရေးဆရာ သုံးထားသည့်စကားလုံးများနှင့် ဝါကျဖွဲ့စည်းပုံတို့အပေါ်လည်း မေးခွန်းထုတ်တတ်လာပါသည်။

စာဖွဲ့စည်းပုံအပေါ် နားလည်မှုတိုးလာသည့်အခါ ၎င်းတို့အရေးအသားလည်းတိုးတက်လာပါသည်။

စာနှင့်အပြန်အလှန်ဆက်ဆံခြင်းဖြင့် ကျောင်းသူကျောင်းသားတို့၏ သိမြင်မှု (cognitive)စွမ်းရည် တိုးတက်လာကြောင်း သုတေသနမှ တွေ့ရှိထားပါသည်။

DARTs သုံးရန် ပစ္စည်းနှင့်အရင်းအမြစ် ထူးထူးထွေထွေမလိုဘဲ ဘာသာစုံဖတ်စာများကို သုံးနိုင်ပါသည်။ အရင်းအမြစ်မစုံသည့် ကျောင်းများတွင်သုံးနိုင်ပါသည်။

DARTsဖြင့် ကျောင်းသူကျောင်းသားတို့၏ဖတ်စာ ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်လာပါသည်။

အင်္ဂလိပ်ဘာသာစကားကိုသင်ကြားရေးတွင် သုံးသော်လည်း ကျောင်းသူကျောင်းသားတို့၏ မိခင်ဘာသာစကားမဟုတ်သည့် အခြေအနေမျိုးတွင် အင်္ဂလိပ်စာသင်သည့်ဆရာ/မသည် ၎င်းတို့၏ဖတ်စာများမှစာပိုဒ်များအပေါ်အခြေခံသည့် DARTsများကို သုံးခြင်းဖြင့် အခြားဘာသာရပ်များတွင် ကြုံရမည့်စာအတွက် တပည့်များကို ပြင်ဆင်ပေးပြီးသားဖြစ်ပါမည်။

အခြားဘာသာရပ်များတွင် ကြုံရသည့်လုပ်ဆောင်ချက်အမျိုးအစားများအတွက်လည်း ပြင်ဆင်ပေးပါမည်။ ဥပမာ ကွက်လပ်ဖြည့်ခြင်း၊ ဇယားဖြည့်ခြင်း၊ ပုံပြဇယားအမည်တပ်ခြင်း၊ ဗင်းပုံပြဇယားဖြည့်ခြင်း စသည်ဖြင့်။

ကျောင်းသူကျောင်းသားတို့ စာကိုမခိုးယူဘဲ ပြန်သုံးတတ်အောင် DARTsဖြင့် ကူညီနိုင်ပါသည်။ ၎င်းတို့ကိုယ်တိုင် ပုံပြ အချက်အလက်များဖြစ်သည့် ဇယား၊ စီးဆင်းမှုပြဇယားနှင့်ခက်ဖြာဇယားများကို ရေးဆွဲစေနိုင်ပါမည်။

## မိမိကိုယ်တိုင် DARTလုပ်နည်း

သုံးနိုင်သည့်နည်းလမ်းတစ်သွယ်မှာ
စာကိုရွေးချယ်ပြီးလျှင်သေသေချာချာဖတ်ပါ။ ဖတ်ရင်းစာနှင့်အပြန်အလှန်ဆက်သွယ်ပါ။ ဥပမာ အချက်အလက်ကိုမျဉ်းသားခြင်း၊ စက်ဝိုင်းဝိုင်းခြင်း၊ စာမှမေးထားသည့်မေးခွန်း၊ ဖြေမထားသည့်မေးခွန်းကိုရေးခြင်း၊ အဓိကအချက်များနှင့်ပံ့ပိုးသည့်အချက်များကို စာရင်းပြုခြင်း၊ ဇယား (သို့) ပုံပြဇယားများဆွဲခြင်း စသဖြင့်။

စာနှင့်အပြန်အလှန်တုံ့ပြန်ပုံကို မှတ်သားပါ။ စာက တစ်နည်းတစ်ဖုံတုံ့ပြန်မှု ဖြစ်စေပါသလား။ ဥပမာ စာအချို့ကိုဖတ်သည့်အခါ ပုံဖြင့်ပြန်လည်စုစည်းခြင်းသည် သဘာဝကျလေ့ရှိပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားတို့အား ပြန်လည်တည်ဆောက်မှု လုပ်ဆောင်ချက် (သို့) ပိုင်းခြားစိတ်ဖြာမှုလုပ်ဆောင်ချက် လုပ်စေလိုကြောင်း ဆုံးဖြတ်ပါ။

| အကယ်၍ စာသည် ........ | ..... ကို ရေးဆွဲခဲ့ပေမည် |
|---|---|
| ... နှစ်ခုနှင့် အထက်အရာများကို နှိုင်းယှက်ခြားနားခဲ့လျှင် | ဇယား (သို့) ဗင်းပုံပြဇယား |
| ... ဖြစ်စဉ်တစ်ခုကို ဖော်ပြခဲ့လျှင် | စီးဆင်းမှုပြဇယား |
| ... တကယ့် သို့မဟုတ် စိတ်ကူးယဉ် အဖြစ်အပျက်အစဉ်တစ်ခုကို သရုပ်ဖော်ခဲ့လျှင် | စီးဆင်းမှုပြဇယား |
| ... တစ်စုံတစ်ခုကို မည်သို့ အမျိုးအစားခွဲခြားနိုင်သည်ကို ဖော်ပြခဲ့လျှင် | ခက်ဖြာဇယား |
| ... အရာဝတ္ထုတစ်ခုကို သရုပ်ဖော်ခဲ့လျှင် | အမည်များတပ်ထားသည့် ပုံပြဇယား |
| ... ကျိုးကြောင်းပြဆွေးနွေးချက်တစ်ခုကို တင်ပြခဲ့လျှင် | ပင့်ကူဇယား သို့မဟုတ် စိတ်ကူးပြမြေပုံ |

မိမိနှင့်စာ အပြန်အလှန်တုန့်ပြန်မှုအပေါ်အခြေပြုလျက် DARTsကိုလုပ်ဆောင်ပါ။

ဥပမာ မိမိစာဖတ်စဉ် စီးဆင်းမှုပြဇယားလုပ်ခဲ့လျှင် ကျောင်းသူကျောင်းသားတို့အား ပြန်လည်တည်ဆောက်မှု လုပ်ဆောင်ချက်လုပ်စေလိုသည့်အခါ စီးဆင်းမှုပြဇယားတစ်ခုကိုဆွဲပြီး အချက်အလက်အချို့ကို ဖယ်ထုတ်ပါ။ ကျောင်းသူကျောင်းသားတို့က စာဖတ်ရင်းပြန်ဖြည့်ရပါမည်။ လုပ်ဆောင်ချက်အတွက် ညွှန်ကြားချက်များရေးပါ။

အခြားတစ်နည်းမှာ စာဖတ်စဉ် စီးဆင်းမှုပြဇယားလုပ်ထားပြီး ကျောင်းသူကျောင်းသားတို့အား ပိုင်းခြားစိတ်ဖြာမှုလုပ်ဆောင်ချက်ကို လုပ်စေလိုလျှင် ၎င်းတို့ကိုယ်တိုင် စီးဆင်းမှုပြဇယားလုပ်စေနိုင်မည့် ညွှန်ကြားချက်များကိုရေးသားပါ။ လုပ်ဆောင်ချက်တွင် အဆင့်အချို့ ရှိနိုင်ပါသည်။ ပထမဦးစွာ ကျောင်းသူကျောင်းသားများအား ဖော်ပြထားသည့် ဖြစ်စဉ်မှအဆင့်များကို မျဉ်းသားစေပါမည်။ ထို့နောက် စီးဆင်းမှုပြဇယားတစ်ခုကို ဆွဲစေကာ အချက်အလက်များ ဖြည့်နိုင်ပါမည်။

## နောက်ဆက်တွဲ ၃ - ရုပ်ပုံကားချပ်ဖြင့်စုစည်းမှု - Janelle Cox TeachHUB.com

ဆရာ/မများအနေဖြင့် ကျွန်ုပ်တို့သည် ကျောင်းသူကျောင်းသားများ ၎င်းတို့၏စိတ်ကူးစိတ်သန်းများကို ထိထိရောက်ရောက် စုစည်းတင်ပြစေနိုင်မည့်နည်းသစ်များကို အစဉ်တစိုက်ရှာဖွေလျက်ရှိပါသည်။ ရုပ်ပုံကားချပ်များဖြင့် ကျောင်းသူကျောင်းသားတို့၏ အတွေးအမြင်များကို စနစ်တကျ စုစည်းစေနိုင်ပါသည်။ ရုပ်ပုံကားချပ်ဖြင့်စုစည်းမှုအကြောင်း၊ ရုပ်ပုံကားချပ်ဖြင့် စုစည်းပုံအမျိုးမျိုး၊ ယင်းတို့ကို စာသင်ခန်းတွင်း ထိထိရောက်ရောက်သုံးနိုင်ပုံတို့ကို အကျဉ်းမျှ ကြည့်ကြပါမည်။

### ရုပ်ပုံကားချပ်ဖြင့်စုစည်းမှုဟူသည်အဘယ်နည်း

ကျောင်းသူကျောင်းသားတို့၏အတွေးအမြင်ကို စုစည်းရာတွင် များစွာထိရောက်ပြီး အမြင်အာရုံသုံးရန် ပံ့ပိုးပေးသည့် နည်းလမ်းတစ်သွယ် ဖြစ်ပါသည်။ ခက်ခဲနက်နဲသည့် အယူအဆများကို လွယ်လွယ်ရှင်းရှင်း ဖော်ပြရာတွင်လည်းကောင်း၊ ပြဿနာဖြေရှင်းမှု၊ ဆုံးဖြတ်မှုတို့အတွက်လည်းကောင်း၊ သုတေသနကိုစီစဉ်ရန်(သို့) အတွေးအမြင်များကိုအမြန်တွေးအမြန်ရေးရန်တွင်လည်းကောင်း အသုံးပြုနိုင်ပါသည်။

## ဗင်းဇယား

ဗင်းဇယားသည် အလယ်မှာထပ်နေသည့်စက်ဝိုင်းနှစ်ခုပါသော ဇယားဖြစ်သည်။ ခြားနားချက်နှင့်တူညီချက်တို့ကို ဖော်ထုတ်ရာတွင် သုံးပါသည်။ ဇယားအပြင်ပိုင်းတွင် ခြားနားချက်များရေးပြီး ထပ်နေသည့်အပိုင်းတွင် တူညီချက်များရေးရပါသည်။




ဗင်းဇယားကို ဇာတ်ကောင်နှစ်ဦးကို နှိုင်းယှဉ်သုံးသပ်ရာတွင် သုံးနိုင်ပါသည်။ ဥပမာ ကျောင်းသူကျောင်းသားများသည် ခြားနားချက်ကို အပြင်ပိုင်းတွင်ရေးပြီး တူညီချက်ကို အလယ်ပိုင်းထပ်နေသည့်နေရာတွင် ရေးနိုင်ပါသည်။ ထို့နောက် ဇယားကိုသုံးပြီး ဇာတ်ကောင်တစ်ဦးချင်းအတွက်အကြောင်း စာစီကုံးရေးနိုင်ပါသည်။

## အသိသညာပြမြေပုံ

စက်ဝိုင်းများကို မြှားဖြင့်ကွန်ရက်သဖွယ် ချိတ်ဆက်ထားပါသည်။ ကျောင်းသူကျောင်းသားများ အဓိက အသိသညာနှင့် သာမည အသိသညာများကို ဖော်ထုတ်ရာတွင် သုံးနိုင်ပါသည်။ အတွေးများနှင့် အဆင့်ဆင့်သောအချက်အလက်များကို ကြည့်မြင်နိုင်အောင် စုစည်းပေးရာတွင် သုံးနိုင်ပါသည်။




ဤကဲ့သို့စုစည်းမမှုမျိုးကို စာသင်ခန်းတွင်းသုံးနိုင်သည့် နည်းလမ်းများ ရှိပါသည်။ အသိသညာများ၊ ဇာတ်လမ်းတွင်းမှဇာတ်ကောင်များ သို့မဟုတ် ဝေါဟာရအချင်းချင်းအကြား ဆက်နွယ်ပုံကိုပင် ကျောင်းသူကျောင်းသားများက ပြသနိုင်ပါသည်။ အကြောင်းအရာတစ်ခုအကြောင်း ကျောင်းသူကျောင်းသားတို့ သိထားသမျှကို စစ်ဆေးအကဲဖြတ်ရာတွင် သုံးရသည်ကို ဆရာ/မများစွာက နှစ်သက်ပါသည်။




## T-ချပ်

T-ချပ်ကို ခြားနားသည့်အရာနှစ်ခုကို နှိုင်းယှဉ်သုံးသပ်ရာတွင် သုံးပါသည်။ အကြောင်းအရာအမျိုးမျိုး၊ ဘာသာရပ်အဖုံဖုံအတွက် ကျောင်းသူကျောင်းသားတို့ နှိုင်းယှဉ်ရာတွင်သုံးနိုင်ပါသည်။ မည်သည့်အကြောင်းအရာ၊ နယ်ပယ်အတွက်မဆိုသုံးနိုင်ပါသည်။ ဥပမာ လူမှုသိပ္ပံတွင် နိုင်ငံရေးသမားနှစ်ယောက်ကို နှိုင်းယှဉ်ပြီးနောက် အတန်းတွင်းစကားရည်လုရာတွင် သုံးနိုင်ပါသည်။

## စိတ်ကူးကွန်ရက်




စိတ်ကူးကွန်ရက်မှာ အမြန်တွေးအမြန်ရေးကာ စိတ်ကူးစိတ်သန်းများ၊ အသိသညာများကို ကျောင်းသူကျောင်းသားတို့စုစည်းရာတွင် ပံ့ပိုးပေးသည့် ပုံပြဇယား ဖြစ်ပါသည်။ အသိသညာပြမြေပုံကဲ့သို့ပင် ချိတ်ဆက်ထားသည့်စက်ဝိုင်းများ ဖြင့်ဖွဲ့စည်းထားပါသည်။ ပုံပြင်ရေးရန် အတွက် အတွေးအမြင်များ အမြန်တွေး အမြန်ရေးရာတွင် သုံးပါသည်။ ဥပမာ ကျောင်းသူကျောင်းသားများသည် ခေါင်းစဉ်ကို ဗဟိုချက် စက်ဝိုင်းတွင်၊ အသေးစိတ်အချက်များကို စက်ဝိုင်းငယ်များတွင် ရေးနိုင်ပါသည်။

## KWL ချပ်

KWL ချတ်ဟူသည်မှာ မူလတန်းတွင် သုံးလေ့ရှိသည့် လူကြိုက်များသည့် ပုံပြဇယားဖြစ်ပါသည်။ မေးခွန်းသုံးခွန်း (သိထားသည့်အရာ၊ သိလိုသည့်အရာနှင့် တတ်မြောက်သွားသည့်အရာ) ကို တိုင်သုံးတိုင်တွင် ထည့်ထားပါသည်။ သိပြီးသားကို ပြန်လည်နှိုးဆွရာတွင် အလွန် ကောင်းသည့် ပုံပြဇယား ဖြစ်ပါသည်။

**Example of K-W-L**

Topic: OWL

| K<br>What I Know | W<br>What I Wonder | L<br>What I Learned |
|---|---|---|
| ▪ Nocturnal<br>▪ Big eyes<br>▪ Fly, have wings<br>▪ Eat mice or snake<br>▪ Symbol of education<br>▪ Trendy in girl's fashion (i.e. bag jewelry, ring and necklets) | ✓ Where do owl live?<br>✓ Do owls have families?<br>✓ Can owl really carry the mails?<br>✓ Do owl eat mice or snake?<br>✓ How do they see in the dark? | ➢ Owl live everywhere except Antarctica and Greenland.<br>➢ A group of owl is known as "Parliament".<br>➢ Eat their prey whole, and the poo out what they can't digest (i.e. bones & fur) as pellets.<br>➢ They use echo to communicate and eat mammals but some also eat insects or fish. |

အသိသညာတစ်ခုမလေ့လာမီနှင့် လေ့လာအပြီး သုံးလေ့ရှိပါသည်။ မလေ့လာမီ “သိလိုသောအရာ” “သိထားသောအရာ”များကို ကျောင်းသူကျောင်းသားတို့ရေးကြပါသည်။ လေ့လာပြီးသည့်အခါ “တတ်မြောက်သွားသည့်အရာ”ကို တတိယတိုင်တွင် ရေးကြပါမည်။ ဤအဆင့်သုံးဆင့်ပါလုပ်ငန်းစဉ်ဖြင့် ရည်ရွယ်ချက်သတ်သတ်မှတ်မှတ်ရှိစေကာ ကျောင်းသူကျောင်းသားတို့သည် သင်ယူနေသော အကြောင်းအရာကို ပိုမိုစိတ်ဝင်စားလာပါမည်။

## ရုပ်ပုံကားချပ်များဖြင့်စုစည်းမှုကို ထိထိရောက်ရောက်အသုံးပြုပုံ

ပုံပြဇယားများသည် အကျိုးကျေးဇူးရှိသည့်သင်ယူနည်းတစ်ရပ်ဖြစ်ပါသည်။ အထူးသဖြင့် ကျောင်းသူကျောင်းသားတို့ကို ပိုမို နက်နဲသည့် သင်ယူမှုထံ ဦးတည်ခေါ်ဆောင်သွားနိုင်ပါသည်။ ကျောင်းသူကျောင်းသားတို့၏သင်ယူမှုကို ထိထိရောက်ရောက်

ပုံပိုးရန် ရုပ်ပုံကားချပ်များကိုသုံးပြခြင်း၊ အဘယ်ကြောင့် မည်သည့်အကြောင်းအရာအတွက် မည်သည့်ဇယားကိုသုံးကြောင်းကို သင်ကြားခြင်းတို့ လုပ်ဆောင်နိုင်ပါသည်။

ဥပမာ ဇာတ်ကောင်နှစ်ယောက်အကြောင်းစာစီကုံးမရေးမီ ဗင်းဇယားကိုရွေးချယ်ခြင်းဖြင့် နှိုင်းယှဉ်နိုင်ကြောင်း ကျောင်းသူကျောင်းသားတို့ကို ရှင်းပြပါ။ ဘာကိုဘယ်အကြောင်းကြောင့်လုပ်နေကြောင်း ကျောင်းသူကျောင်းသားတို့နားလည်သည့်အခါ ရည်ရွယ်ချက်သတ်သတ်မှတ်မှတ် ရှိလာပါမည်။

ရုပ်ပုံကားချပ်များဖြင့်စုစည်းမှုသည် ကျောင်းသူကျောင်းသားအားလုံး၏လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အလွန်ကောင်းသောနည်းလမ်းများဖြစ်ပါသည်။ အချက်အလက်များကိုပုံဖြင့်ပြသသည့်အခါ ကျောင်းသူကျောင်းသားအားလုံး သင်ခန်းစာကို လွယ်ကူစွာသင်ယူပါသည်။ ထိထိရောက်ရောက်သုံးနိုင်ရန် ပုံပြဇယားများကို နမူနာ ကြိုသုံးပြပြီး အဘယ်ကြောင့်သုံးကြောင်း၊ ဘာအတွက်သုံးကြောင်းရှင်းပြပါ။ သုံးလိုက်သည့် ရုပ်ပုံကားချပ်များသည် သင်ယူမှုပန်းတိုင်နှင့် အချိတ်အဆက်မိပါစေ။ သို့မှသာလျှင် တတ်မြောက်သွားသည့် အချက်အလက်များကိုအသုံးချပြီး အသိသညာများကိုလည်း ပိုမို၍နက်နက်နဲနဲ နားလည်စေပါမည်။

# ကျမ်းကိုး

British Council article - Interacting with texts - Directed activities related to texts (DARTs)
https://www.teachingenglish.org.uk/article/interacting-texts-directed-activities-related-texts-darts

Dale, E (1964) Audio-Visual Methods in Teaching: Cone of Experience (Learning Pyramid)

Hill, M (2018) What is Differentiation all about?
https://www.teachertoolkit.co.uk/2018/03/05/what-is-differentiation/

Tomlinson, C (2000) Differentiation of Instruction in the Elementary Grades. ERIC Digest. ERIC Clearinghouse on Elementary and Early Childhood Education.
https://www.readingrockets.org/article/what-differentiated-instruction

Olicav - Dual coding with teachers
https://www.olicav.com/